# မြဝတီ (ကြေးမုံ)

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)**

ဇရာဝဂ် (ဓမ္မပဒ-၁၄၇)


၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday 17 December 2019 ၉၈၆၆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ်၏ညီမတော် တော်ဝင်မင်းသမီး ယိုကိုအား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဧကရာဇ်၏ညီမတော် တော်ဝင်မင်းသမီး ယိုကိုအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်ဧကရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မင်းသမီး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း သွားရောက်လည်ပတ်ခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်နေရာများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် အချက်အလက်များ၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား တူညီသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် မစ္စတာငုယင်စွမ်းဖုဏ် ကိုယ်ရေးအကျဉ်း



မစ္စတာ ငုယင်စွမ်းဖုကို ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် မွေးဖွားခဲ့သည်။

မစ္စတာ ငုယင်စွမ်းဖုသည် ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အမျိုးသားစီးပွားရေး တက္ကသိုလ် National Economic University (NEU) တွင် စီးပွားရေးဘာသာရပ်ကို လေ့လာ သင်ယူခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စင်ကာပူအမျိုးသားတက္ကသိုလ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာပညာရပ်ကို ဆည်းပူးခဲ့သည်။ ၎င်းသည် ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကွမ်နမ်း - ဒါနန်း စီးပွားရေးစီမံခန့်ခွဲမှု ဘုတ်အဖွဲ့တွင်လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကွမ်နမ်း-ဒါနန်းပြည်နယ်ပြည်သူ့ကော်မတီ၊ ပါတီအတွင်းရေးမှူးရုံးတွင် ဒုတိယအကြီးအကဲမှ အကြီးအကဲအဆင့်အထိလည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ခရီးသွားလာရေးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်နှင့် ကွမ်နမ်း - ဒါနန်းပြည်နယ် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**တာဝန်ထမ်းဆောင်**

မစ္စတာငုယင်စွမ်းဖုသည် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကွမ်နမ်းပြည်နယ်ပြည်သူ့ကော်မတီ၏ ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကွမ်နမ်းပြည်နယ်စက်မှုဇုန်စီမံခန့်ခွဲမှုဘုတ်အဖွဲ့ခေါင်းဆောင်နှင့် ကွမ်နမ်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသင်း၏ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကွမ်နမ်းပြည်နယ်ပါတီကော်မတီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကွမ်နမ်းပြည်နယ် ပြည်သူ့ကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ (၁၁) ကြိမ်မြောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် (၁၁) ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် မတ်လမှ ၂၀၀၇ ခုနှစ် ဩဂုတ်လအထိ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဒုတိယအကြီးအကဲချုပ်နှင့် (၁၀) ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ထို့အပြင် အစိုးရအဖွဲ့ရုံး၏ အမြဲတမ်းဒုတိယဥက္ကဋ္ဌအဖြစ်နှင့် **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**

**ကြေးမုံ ယနေ့ ဖတ်စရာ**


နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် Pre-paid မီတာစနစ်များကို ပြောင်းလဲကျင့်သုံးရန် စီစဉ်ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကျင်းပ စာမျက်နှာ » ၅

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၁၀





ကြေးမုံ

# အစိုးရများ၏ သရုပ်သကန်

ယနေ့ကမ္ဘာရှိ ခေတ်ပေါ်အစိုးရအများစုသည် လစ်ဘရယ်ဒီမိုကရေစီကို အခြေခံကြသည်။ ဥဏ်အလင်းခေတ် (Renaissance) ခေတ်အတွေးအခေါ်များ၏ လွှမ်းမိုးမှုက ၁၈ ရာစုနှစ် နှောင်းပိုင်းတွင် ပြင်သစ်တော်လှန်ရေးနှင့် အမေရိကန်တော်လှန်ရေးတို့ဖြစ်ပေါ်လာစေခဲ့သည်။ ထိုတော်လှန်ရေးနှစ်ခုမှ လစ်ဘရယ်ဝါဒအတွေးအခေါ်ကို မွေးဖွားပေးခဲ့ပြီး ဥဏ်အလင်းခေတ်ပညာရှင်များ၏ အတွေးအခေါ်များကို အစိုးရတစ်ခု တည်ဆောက်ရာတွင် စတင်ကျင့်သုံးနိုင်ခဲ့သည်။

ဒီမိုကရေစီအစိုးရများကို ရွေးကောက်ပွဲများက တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ထိုရွေးကောက်ခံကိုယ်စားလှယ်များကလည်း အခြေခံဥပဒေကအပ်နှင်းထားသော အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများအတွက် လုပ်ပိုင်ခွင့်အာဏာများကို အသုံးပြု၍ လုပ်ကိုင်ကြခြင်းဖြစ်သည်။

ဥဏ်အလင်းခေတ် တွေးခေါ်ပညာရှင် သောမတ်စ်ဟော့ဘ်စ် (၁၅၈၈-၁၆၇၉) က "အစိုးရဆိုသည်မှာ အုပ်ချုပ်ခံများ၏ သဘောတူညီမှုအရသာ ဖြစ်ရမည်" ဆိုသော နာမည်ကျော်စကားရပ်ကို စတင်ရေးသားခဲ့သည်။ နောက်ပိုင်းတွင် တွေးခေါ်ပညာရှင် ဂျွန်လော့ခ်(၁၆၃၂-၁၇၀၄)က အစိုးရတစ်ရပ်ကို အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြု ပါလီမန်နှင့် တရားရုံးတို့ ပေါင်းစပ်ဖွဲ့စည်းရမည်ဆိုသော အယူအဆကို တင်ပြခဲ့ခြင်းဖြစ်ပေသည်။

အမေရိကန်နိုင်ငံ စတင်ထူထောင်သော ပုဂ္ဂိုလ်ကြီးများအပေါ် ၎င်းအယူအဆများက များစွာလွှမ်းမိုးခဲ့သည်။ ထို့ကြောင့် အမေရိကန် ဒီမိုကရေစီ၏ အခြေခံအချက်များတွင် အစိုးရမှာ ပြည်သူများနှင့် သဘောတူညီချက်တစ်ခုသာဖြစ်ကြောင်း၊ သူ၏တာဝန်များကို ကျေပွန်အောင် မလုပ်ဆောင်နိုင်ပါက ၎င်းကို (မဲဆန္ဒဖြင့်) ဖြုတ်ချနိုင်ကြောင်း၊ အစိုးရ၏တာဝန်မှာ နိုင်ငံသားများ၏ ပိုင်ဆိုင်မှုနှင့် အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် တည်ရှိခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သော နိုင်ငံသားတစ်ယောက်သည် ဂျူရီလူကြီးအပြည့်အစုံရှိသော တရားရုံးက စီရင်ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် နိုင်ငံသားတစ်ယောက်၏နေအိမ်သို့ ရှာဖွေရန် ဝရမ်းမပါဘဲ ရှာဖွေခွင့်မရှိကြောင်း ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အလယ်ခေတ်နှောင်းပိုင်း ဥရောပတွင်ပေါ်ထွက်လာသော အမျိုးသားအစိုးရများ၏ တူညီသောအယူအဆမှာ လူ့အဖွဲ့အစည်း၏တည်ငြိမ်မှုကို ကာကွယ်ရန်နှင့် အမိန့်အာဏာများ ခိုင်မာစေရန်အတွက် အစိုးရတည်ရှိခြင်းဖြစ်သည်။ ယနေ့ခေတ်အစိုးရများမှာ အဆိုပါအယူအဆနှင့် များစွာကွဲလွဲလာခဲ့ပြီဖြစ်သည်။

အမေရိကန်သမ္မတ အီဘရာဟင်လင်ကွန်း၏ နာမည်ကျော် ဂတ်တီစဘတ်မိန့်ခွန်းတွင် ပြည်သူတို့အတွက်၊ ပြည်သူတို့ကိုယ်တိုင် ရွေးချယ်သော၊ ပြည်သူ့အစိုးရဆိုသော စကားလုံးကို သုံးစွဲခဲ့သည်။ လူ့အဖွဲ့အစည်း၏ အခြေခံအယူအဆမှာ လူသားအားလုံးသည် တန်းတူညီမျှစွာ ဖန်တီးထားခြင်းဖြစ်သည်။ အားလုံးတွင် ထာဝရပြောင်းလဲခြင်းမရှိသော အခွင့်အရေးများ အပ်နှင်းထားခြင်းခံရသည် စသောသက်သေပြရန်မလိုသည့် အမှန်တရားများ ပါဝင်နေပါသည်။ ၎င်းအပြင် အစိုးရတစ်ရပ်၏အာဏာမှာ အုပ်ချုပ်ခံ ပြည်သူများ၏ သဘောဆန္ဒမှလာခြင်းဖြစ်ပြီး အစိုးရ၏တာဝန်မှာလည်း အဆိုပါအခွင့်အရေးများကိုကာကွယ်ပေးရန်ပင် ဖြစ်ပေသည်။ ခေတ်ပေါ် ဒီမိုကရေစီအစိုးရများတွင် အာဏာသုံးရပ်ကြား အပြန်အလှန်ထိန်းကျောင်းခြင်းကို အခြေခံမူအဖြစ်ကျင့်သုံးကြခြင်းကြောင့် ဒီမိုကရေစီ၏အခြေခံအဓိပ္ပာယ်မှာ ပြည်သူလူထု၏ မိမိဘာသာ အုပ်ချုပ်ခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်ကြောင်း တင်ပြရပေသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

# မြို့ပြပြဿနာများမှ လွတ်မြောက်ရေး

မြန်မာနိုင်ငံရှိ မြို့ပြလူနေထိုင်မှုသည် ၂၀၁၄ ခုနှစ် မှတ်တမ်းများအရ ၁၅ ဒသမ ၄ သန်းခန့်ရှိပြီး နိုင်ငံလူဦးရေ၏၂၉ ဒသမ ၆ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။၂၀၃၀ပြည့်နှစ်တွင် မြို့ပြနေထိုင်သူ ၃၃ ဒသမ ၃၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းတွက်ဆထားပါသည်။ ယနေ့ လူဦးရေ နှစ်သိန်းခန့်ရှိနေသည့်မြို့များ အားလုံးသည် နောင် ၁၀ နှစ်ကြာသည့်အခါ နှစ်ဆတိုးလာလိမ့်မည်ဟုလည်း ခန့်မှန်းထားပါသည်။

မြို့ပြများတွင်နေထိုင်သည့် မြို့ပြလူဦးရေတိုးတက်များပြားကျပ်တည်းသိပ်သည်းလာသည့်အခါ စနစ်တကျဖွံ့ဖြိုးမှုမဟုတ်ဘဲ ကြီးထွားလာသည့်အခါ မြို့ကို စနစ်တကျမထိန်းကွပ်နိုင်သည်နှင့်အမျှ လူဦးရေသိပ်သည်းမှုဒဏ်နှင့်အတူ အမျိုးမျိုးအထွေထွေသော မြို့ပြပြဿနာများစွာကို ရင်ဆိုင်ကြုံတွေ့နေကြရသည်မှာလည်း သိသာထင်ရှားသော ဖြစ်ရပ်များပါပေ။

ရာဇဝတ်မှု ထူပြောလာမှုများ၊ မြို့နေသူတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှု မရှိသည်များ၊ လမ်းမပေါ်ထွက်ရေးကိုပင် စိတ်ပူပင်ခြိမ်းခြောက်ခံနေရသည့်ဖြစ်ရပ်များ၊ သောက်သုံးရေမလုံလောက်မှု၊ ရေဆိုးနှင့်မိလ္လာစွန့်ပစ်ရန် မနိုင်နင်းမှု၊ ရေစီးရေလာပြဿနာများကို ကောင်းမွန်စွာမဖြေရှင်းနိုင်သည့်အတွက် ရေကြီးရေလျှံမှု၊ အမှိုက်စွန့်စနစ်ပြေလည်မှုမရသောကြောင့် ပိုမိုဆိုးရွားလာသော အနံ့အသက်၊ ညစ်ထေးပေရေမှုများဖြင့် ပြည့်လျှံလာနေသည့် အမှိုက်ပုံကြီးများ စသည် ... စသည်...။

လက်ရှိအစိုးရ စတင်တာဝန်ယူချိန်မှာကတည်းက စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ ကြေညာစဉ်ကပင်သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေရှိစေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်ဆိုသည့် အချက်များ ပါဝင်ပါသည်။

မြို့ပြများကို စမတ်စီးတီးလုပ်ဖို့လိုသကဲ့သို့ ကျေးလက်ဒေသတို့ကို စမတ်ကျေးရွာများ လုပ်ကြဖို့လိုသည်ဟု ပညာရှင်များက အကြံပြုကြသည်။ ဂျပန်နိုင်ငံ၏ မြို့ပြစီမံခန့်ခွဲမှုဥပမာများကို အခြေပြုပြီး ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားများပြားလာအောင် စီမံဖန်တီးပေးခြင်းအားဖြင့် မြို့ပြကျပ်တည်းမှုအခက်အခဲနှင့် အထွေထွေပြဿနာများကို များစွာပြေလျော့စေမည့် ဖြေရှင်းခြင်းဖြစ်နိုင်လိမ့်မည်ဟုလည်း ယူဆပါသည်။

တိုင်းပြည်မငြိမ်းချမ်းသည့်အတွက် စစ်ဘေးရှောင်ပြည်သူတို့မှာ ကျေးလက်ဒေသများတွင် မနေနိုင်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်သည်များကိုလည်း သတိပြုသင့်ပါသည်။ ထို့နည်းတူစွာ သဘာဝဘေးဒဏ်များ၏ အန္တရာယ်တို့ကလည်း မြို့ပြများဖရိုဖရဲဖြစ်မှုကို တွန်းအားပေးသည်ကို ထည့်သွင်းစဉ်းစားကြရန် လိုပါမည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသည့်နောက် ကျေးလက်ဒေသတို့မှ ဒေသခံဒုက္ခသည်များ မြို့ပြများရှိရာသို့ အလုံးအရင်းလိုက်ရွှေ့ပြောင်းလာကြသည့်အခါ ပြင်ဆင်ထားမှုမရှိ၊ စနစ်မရှိ၊ ဥပဒေမရှိ ကြုံသလိုဖြေရှင်းကြရသည့်အခါ မြို့စွန်မြို့ဖျားများရှိ ကျူးကျော်တဲများ အပြိုင်းအရိုင်းတိုးပွားလာခဲ့သည်။ စနစ်တကျ တည်ဆောက်ခြင်းမဟုတ်သည့်အတွက် ကျန်းမာရေးအဆင့်အတန်းနိမ့်ကျမှု၊ ကလေးငယ်များ၏ ပညာရေး၊ ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှု စသည့် လူမှုရေးအခက်အခဲများတစ်ပုံတစ်ပင်ကို မြို့ပြများက မည်သို့ဖြေရှင်းရမည်မသိလောက်အောင် ကြုံတွေ့လာရတော့သည်။

မြို့ပြဆိုင်ရာခိုင်မာသည့် ဥပဒေများရှိဖို့လိုအပ်သကဲ့သို့ အရေးပေါ်ပြဿနာများအတွက် ကြိုတင်ပြင်ဆင်ရန်လိုသည်များလည်း ရှိပါမည်။ ခိုင်လုံတိကျသည့် ဥပဒေများလိုအပ်သကဲ့သို့ ထိုဥပဒေများကို စိုးမိုးအောင် ပိုင်ပိုင်နိုင်နိုင် ထိန်းကျောင်းပေးမည့် အဖွဲ့အစည်းအင်အားစုများလည်း လိုအပ်ပါသည်။ ယင်းတို့မှာ အစိုးရအဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် စနစ်ကျနသော၊ ဥပဒေနှင့်ညီညွတ်သောအင်အားစုများဖြစ်ရန်လည်း လိုအပ်ပါမည်။

မည်သို့ပင်ဖြစ်စေ ဤကဲ့သို့သော အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းရန်ဆိုသည်မှာ ပြည်သူလူထု၏ပါဝင်ပတ်သက်မှုမပါဘဲ မဖြစ်နိုင်။ မည်သို့ပင်မြို့ပြပေါ်လစီများကိုချမှတ်သည်ဖြစ်စေကာမူ ပြည်သူတို့၏ ထောက်ခံအားပေးခြင်းကို အလေးထားဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဟု ထင်မြင်ပါကြောင်း ၁၆ ဒီဇင်ဘာ၂၀၁၉ နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပသော အမျိုးသားမြို့ပြမူဝါဒချမှတ်ရေးညီလာခံကို ဂုဏ်ပြုရင်းတင်ပြလိုက်ရပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၃,၂၁၉ | ၃၆,၂၆၁,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၄၈၉ | ၁,၈၈၂,၆၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၃၀ | ၂၄၆,၀၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၄၉ | ၁၁၂၇,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၀၀ | ၁၀ | ၂၉,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

ရန်ကုန်(ရွှေဈေး) ၁၁၈၁၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၅၅ ကျပ် | ၉၅၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၅၀/၉၈၀ ကျပ် | ၁၀၂၅/၁၀၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၇၀ ကျပ် | ၉၆၅/၉၅၈ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၈/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၈.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၈၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၃.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၅၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၇.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၄၉ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၆.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာ

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၁၉ ရက်နေ့တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]*



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်သံအမတ်ကြီး ဒေါက်တာ လုသို့ဗွန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး ဒေါက်တာ လုသို့ဗွန်းအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ဗီယက်နမ် - မြန်မာ နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေး၊ ဆက်သွယ်ရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး ဒေါက်တာလုသို့ဗွန်းအား လက်ခံတွေ့ဆုံစဉ်။

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ် အထူးအယူခံမှု လေးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၆၉/၂၀၁၉) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၆၉/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်လက်ဆောင်ရွက်**

ပူးပေါင်းကော်မတီအနေဖြင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီ တွင် ပါဝင်သည့် နိုင်ငံရေးပါတီ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက်ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များအပေါ် ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း (၁)မှစ၍ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းအထိ ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် အစည်းအဝေး၌ အခန်း(၉)ရွေးကောက်တင်မြှောက်ခြင်း အခန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

(၁၁) ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

**တာဝန်ထမ်းဆောင်ခဲ့**

၎င်းအနေဖြင့် ၂၀၀၇ ခုနှစ် ဩဂုတ်လမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ (၁၀) ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့ရုံး၏ ဝန်ကြီးအဖြစ်လည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာနည်းလမ်းများ ပြုပြင်ပြောင်းလဲမှုအတွက် သီးသန့်ဖွဲ့စည်းထားသည့် ဝန်ကြီးချုပ်၏အဖွဲ့အား ဦးဆောင်သော အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ (၁၁) ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အဖွဲ့ဝင်နှင့် အစိုးရအဖွဲ့ရုံး၏ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**အသီးသီးထမ်းဆောင်ခဲ့**

၂၀၁၁ခုနှစ် ဩဂုတ်လမှ ၂၀၁၆ ခုနှစ် မတ်လအထိ (၁၂) ကြိမ်မြောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ အကျင့်ပျက်ခြစားမှုထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးဗဟိုကော်မတီ၏ ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

**ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရ**

၎င်းအနေဖြင့် (၁၃) ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ (၁၁) ကြိမ်မြောက် အစည်းအဝေးမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

မစ္စတာငုယင်စွမ်းဖုသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦး ရှိသည်။

# နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် Pre-paid မီတာစနစ်များကို ပြောင်းလဲကျင့်သုံးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ ၃ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ ၁ ခုကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **မီတာဖတ်ခြင်း၊ မီတာကောက်ခံခြင်းများတွင် လျှပ်စစ်သုံးစွဲသူနှင့် လျှပ်စစ်ဌာနတို့အကြား ပွင့်လင်းမြင်သာမှုရှိရန်အတွက် လူမြင်နိုင်သောနေရာ သို့မဟုတ် အိမ်ခြံဝင်းများအတွင်းတွင် မီတာပုံးများထားရှိရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တိုင်ပေါ်တပ်ဆင်ထားပြီးသော မီတာ အလုံး ၇ သိန်းကျော်ကို လူမြင်နိုင်သောနေရာ သို့မဟုတ် အိမ်ခြံဝင်းများအတွင်း မီတာပုံးများဖြင့် ပြောင်းရွှေ့တပ်ဆင်ပေးပါက စုစုပေါင်းကုန်ကျငွေကျပ် ၃၈ ဒသမ ၄ ဘီလီယံကို နိုင်ငံတော်က ကျခံရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် ၁၈ ဒသမ ၅ ဘီလီယံခန့်၊ မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၄ ဒသမ ၆ ဘီလီယံခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၁၅ ဒသမ ၃ ဘီလီယံခန့်ကို ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် မီတာသုံးစွဲသူအရေအတွက် တိုးတက်များပြားလာသည်နှင့်အမျှ လူအားဖြင့် မီတာဖတ်ရှုခြင်းကြောင့် ဖြစ်ပေါ်လာသည့် အားနည်းချက်များကို ကျော်လွှားနိုင်ရန်အတွက် မီတာများအား ဌာန၏ Control Center သို့မဟုတ် မြို့နယ်ရုံးရှိ ကွန်ပျူတာမှ သုံးစွဲယူနစ်များကို ဖတ်ရှုခြင်း၊ ဗို့အားအခြေအနေများ ဖတ်ရှုခြင်း၊ တရားမဝင်ခတ်အားသုံးစွဲမှုများကို စောင့်ကြည့်ခြင်း၊ မိမိတို့သုံးစွဲသည့် ယူနစ်နှင့် ခတ်အားခကျသင့်ငွေများကို Mobile Phone Applicationမှ တစ်ဆင့် မီးသုံးစွဲသူများကိုယ်တိုင် ကြည့်ရှုစစ်ဆေးခြင်း၊ Online Billing စနစ်ဖြင့် ခတ်အားခပေးချေခြင်းစသည့် SMART မီတာစနစ်များကို ပြောင်းလဲတပ်ဆင်နိုင်ရန်အတွက် Automatic Meter Reading (AMR) စနစ်နှင့် Advance Metering Infrastructure (AMIe)စနစ်များကိုလည်း နယ်မြေများသတ်မှတ်၍ Pilot Project များ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး တစ်ဆင့်စီတိုးတက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် Pre-paid မီတာစနစ်များကိုပါ ပြောင်းလဲကျင့်သုံးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။


ဒလမဲဆန္ဒနယ်မှ
ဒေါက်တာစိန်မြအေး


ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း


သာယာဝတီမဲဆန္ဒနယ်မှ
ဦးအောင်မြင့်


ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်


မြဝတီမဲဆန္ဒနယ်မှ
ဦးစိန်ဗိုလ်


တပ်မတော်သားလွှတ်တော်ကိုယ်စား
လှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်

## ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင် ၁၀၀ ဆံ့ သာယာဝတီပြည်သူ့ဆေးရုံနှင့် စံရွေးတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ ၂ ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်

သာယာဝတီ မဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **သာယာဝတီခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သာယာဝတီမြို့နယ်တွင် လူဦးရေ ၁၆၃၂၂၄ ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင် ၁၀၀ ဆံ့ သာယာဝတီပြည်သူ့ဆေးရုံနှင့် စံရွေးတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ ၂ ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သာယာဝတီဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက် ငါးနှစ်စာမှာ တစ်နေ့ ပျမ်းမျှအတွင်းလူနာ ၂၀၁၄ ခုနှစ်တွင် ၇၉ ဦးမှ ၂၀၁၈ ခုနှစ်တွင် ၁၀၃ ဦးအထိ တိုးတက်လာပါကြောင်း၊ ဆေးရုံ ခုတင်ခွင့်ပြုနှုန်း အသုံးပြုမှုသည်လည်း ၂၀၁၄ ခုနှစ်တွင် ၇၉ ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် ၁၀၃ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်းကို တွေ့ရှိရပါကြောင်း၊ ဆေးရုံတစ်နေ့ ပျမ်းမျှလူနာဦးရေမှာ ငါးနှစ်စာ ပျမ်းမျှခြင်းအားဖြင့် ၈၉ ဦးရှိပြီး ဆေးရုံခုတင်အသုံးချမှုနှုန်းမှာ ငါးနှစ်စာပျမ်းမျှ ၈၈ ဒသမ ၆ ရာခိုင်နှုန်းရှိပါကြောင်း။

ဆေးရုံခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်းသည် ၂၀၁၉ခုနှစ် မှအရ ခွင့်ပြုခုတင် အသုံးချမှုရာခိုင်နှုန်း ငါးနှစ်စာ ပျမ်းမျှအနေဖြင့် အနည်းဆုံး၂၀၀ ရာခိုင်နှုန်းရှိရမည့်အချက်နှင့်ပတ်သက်၍ ပြည့်မီရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးရုံဆောက်လုပ်ရန် လက်ကျန်မြေဧရိယာမှာလည်း ၇ ဒသမ ၈၈ ဧကရှိကြောင်း သိရှိရပြီး ခုတင် ၂၀၀ သို့တိုးမြှင့်ရန် မြေဧက အနည်းဆုံး ၁၀ ဧကနှင့်အထက် ရှိရမည်ဖြစ်ပါကြောင်း၊ လတ်တလော လုံလောက်မှုမရှိသေးသည်ကို သိရှိရပါကြောင်း၊ သို့ပါ၍ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက် အညွှန်းကိန်းများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး လာမည့်နှစ်များအတွင်း အညွှန်းကိန်းများ တိုးတက်မှုရှိပါက အဆင့်တိုးမြှင့်ရန်အတွက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ **မြန်မာလျှပ်စစ်ခတ်အားကို မည်သည့်အချိန်တွင် မြဝတီမြို့သို့ပေးနိုင်မည်နည်း၊ ကျေးလက်တောရွာများအတွက် ကျေးလက်သုံးမီတာများ ဖြန့်ဝေပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မြို့ကြီးသုံးမီတာများ (Digital Meters) လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လည်းကောင်း၊ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **ဇန်းမောက်မြို့နယ်ရှိပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ လွှမ်းခြုံနိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **ကလေးမြို့နယ် မောက်လင်းကျေးရွာအုပ်စု လက်ပံချောင်းကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တိုက်နယ်ဆေးရုံအဆောက်အဦအား အနီးဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၏ **မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမ ၄၀၃ ဦးနေထိုင်ရန်အတွက် သိမ်းဆည်းထားသော သူနာပြုအဆောင်အား ပြန်လည်ပေးအပ်ရန် သို့မဟုတ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် တန်ကူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပေးပို့သော **အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့်** စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးမြင့်အောင်နှင့် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်တို့က ဆွေးနွေးကြသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်**က နိုင်ငံတကာလွှတ်တော်များတွင် Business ကော်မတီက အခွင့်အရေးနစ်နာမှုမရှိအောင် ဆောင်ရွက်ပေးနေသည်ကို လေ့လာတွေ့ရှိရသည့်အတွက် လွှတ်တော်အခွင့်အရေး ကော်မတီအနေဖြင့် ကိုယ်စားလှယ်စိစစ်ရေး၊ ခွင့်တိုင်ကြားရေးသာမက ကိုယ်စားလှယ်အခွင့်အရေး နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ထို့ပြင် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်နေသည့် ကိုယ်စားလှယ်များသာမက အကြောင်းအမျိုးမျိုးကြောင့် ခွင့်ရက်ရှည်တိုင်ကြားထားသည့် ကိုယ်စားလှယ်များ၊ အမှုရင်ဆိုင်ဆဲ ကိုယ်စားလှယ်များ၏ ဥပဒေအရ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရေးကော်မတီအနေဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီဝင် ဒေါက်တာမြင့်သိန်းက ယင်းနှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

## ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန်က ဆွေးနွေးသည်။

အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်က ယင်းနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက ဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း**က ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေတို့တွင် ထည့်သွင်းပြဋ္ဌာန်းပါဝင်ခြင်းမရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် သဘောတရားဖြစ်သည့် စီးပွားရေးအဖွဲ့အစည်းများ၏ လူမှုရေးအရ တာဝန်ရှိမှုကို ဥပဒေ၊ နည်းဥပဒေများ ဆက်လက်ပြဋ္ဌာန်းပေးရန်ကော်မတီမှ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ကျော်ဦးက ယင်းနှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးစိုးမြင့်(ခေါ်) ဦးအောင်ဇော်မြင့်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဖျော်ဖြေရေးအဖွဲ့ လာရောက်ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ဒီဇင်ဘာ ၂၁ ရက် (စနေနေ့)တွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ဖျော်ဖြေရေးအစီအစဉ်များ အဆင့်မြင့်တင်လျက်ရှိရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဖျော်ဖြေရေးအဖွဲ့ဝင် ၄၅၀ က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လာရောက်အပန်းဖြေသူ မိဘပြည်သူများအား ဒီဇင်ဘာ ၂၁ ရက်(စနေနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နန်းမြင့်မျှော်စင်ရှေ့မြက်ခင်းပြင်တွင် ဂီတသဘင်ပညာဌာနများမှ Orchestra+Choir Bands များအပါအဝင် အဆိုအက တင်ဆက်မှုအစီအစဉ်၊ ပန်းချီပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပန်းချီကား ၇၀ ပြသခြင်း၊ ခဲပုံတူပန်းချီရေးဆွဲပေးခြင်း၊ လက်အလှပန်းချီရေးဆွဲပေးခြင်းနှင့် ပို့စကတ်ရေးဆွဲပေးခြင်း၊ ပန်းပုပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထုလုပ်ထားသော ပန်းပုရုပ်တုများပြသခြင်းနှင့် လက်တွေ့ mould လောင်း၍ ပန်းပုရုပ်တုများ ထုလုပ်ပြသခြင်း၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လက်ရာ ဓာတ်ပုံ ၈၀ ကားပြသခြင်းနှင့် Fuji Myanmar Co.,Ltd. မှ Photo Booth ပြုလုပ်၍ ဓာတ်ပုံရိုက်ကူးပေးခြင်းစသည့် အနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ပေးကြမည့်အပြင် စီမံရေးရာဌာနက သက်သာသော နှုန်းထားဖြင့် အစားအသောက်များ ရောင်းချပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၆)မှ ဦးမင်းဆွေနိုင်၏ **ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ပေါ် ၅ ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသော ကျေးရွာအုပ်စုများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က မိုးညှင်းမြို့ပေါ် (၅)ရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာအုပ်စုများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် သက်ဆိုင်ရာကျေးရွာအုပ်စုများမှ ဒေသခံများက လတ်တလော တင်ပြတောင်းခံခြင်းမရှိသေးသည့်အတွက် မြို့ပေါ်ရပ်ကွက်များအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် အကယ်၍ သက်ဆိုင်ရာကျေးရွာအုပ်စုများမှဒေသခံများက တင်ပြတောင်းဆိုမှုများ ရှိလာပါက မြေပြင်ကွင်းဆင်းစိစစ်ပြီး တိုးချဲ့ဖွဲ့စည်းရန် အမှန်တကယ်လိုအပ်ပါက မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့/ပြင်ဆင်၊ ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲတည်ဆောက်၍ မြို့နယ်/ခရိုင်/ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာနှင့်အတူ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

### စစ်ကိုင်းမြို့နယ်၊ ဆည်လေးတောကျေးရွာ သောက်သုံးရေရရှိရေးအတွက် မြစ်ရေတင်စနစ် ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိ ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး နည်းပညာပိုင်းဆိုင်ရာစိစစ်ချက်များအရ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းမြို့နယ်၊ ဆည်လေးတောကျေးရွာ သောက်သုံးရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆည်လေးတောကျေးရွာ သောက်သုံးရေရရှိရေးနှင့်စပ်လျဉ်း၍ မြစ်ရေတင်စနစ် ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်နိုင်ခြေ ရှိ/မရှိ ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး နည်းပညာပိုင်းဆိုင်ရာ စိစစ်ချက်များအရ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ရရှိနိုင်ရေးအတွက် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမည်ဆိုပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် နဂူမေကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ်၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ တစ်ရွာနှင့်တစ်ရွာ ဝေးကွာလွန်းသော ကျေးရွာအုပ်စု (၄)ခုအား လုပ်ထုံးလုပ်နည်းနှင့်အညီ အုပ်စုခွဲရန် အမှုတွဲအဆင့်ဆင့် တင်ပြလာပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် မကွေးတိုင်းဒေသကြီး



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၆)မှ ဦးမင်းဆွေနိုင်



ဒုတိယဝန်ကြီး
ဦးတင်မြင့်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးကျော်သောင်း



ဒုတိယဝန်ကြီး
ဦးလှကျော်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးမြင့်နိုင်



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း

မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်ရုံး အဆောက်အဦအား ဖျက်သိမ်းလျက် မြေနေရာအခက်အခဲ ရှိသော ဌာနများအတွက်ပါ ပါဝင်ဖွင့်လှစ်နိုင်သည့် RC (၂) ထပ်ပါ (E) ပုံသဏ္ဌာန်အဆောက်အဦကို အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်အဆင့်က တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တောင်သူအား အေးချမ်းစွာ ဆက်လက်လုပ်ကိုင်နိုင်ရန် ကူညီပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

### စက်မှုဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်း၊ အဆုံးအဖြတ်ရယူ

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့တိုင် ကေများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သောအခွန်ဘဏ္ဍာများ ရရှိနိုင်ရန် အလို့ငှာ သက်ဆိုင်သည့် ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်နိုင်မည့် ထိရောက်သည့်မူဝါဒလမ်းညွှန်မှုစီမံချက်တစ်ရပ်ရပ်ကိုချမှတ်၍ အဓိကကျသည့်ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း**က ယခု တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းအရေးသည် ပြည်သူများ၏ ဘဝရှေ့ရေး၊ အနာဂတ်နှင့် နိုင်ငံတော်လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် ကိစ္စဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကထားပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနများနှင့် ဒေသခံကချင်ပြည်နယ်အစိုးရ၊ ဒေသခံပြည်သူများ၏ အကြံပြုချက်များ အပါအဝင် စီမံကိန်း၊ စီမံချက်များ ရေးဆွဲပြီး ပေါင်းစပ်ညှိနှိုင်း အဖြေရှာမှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစခင်ဇော်လင်း**က တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကိစ္စရပ်သည် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်ပျက်စီးမှုများ ကြီးမားစွာရှိနေပါကြောင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း၊ သစ်တောနှင့် သစ်တောမြေများ ပြုန်းတီးခြင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဖျန်းဆေး စသည့် ဓာတုပစ္စည်းများ၏ အန္တရာယ်ရှိနေခြင်း စသည့် ရှောင်လွှဲ၍မရသည့် စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ ထို့ကြောင့် တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကိစ္စရပ်ကို အဆောတလျင် လုပ်ဆောင်ရမည့်ကိစ္စအဖြစ် သတ်မှတ်သင့်ပါကြောင်းနှင့် အဆိုကိုအတည်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းကို ထိထိရောက်ရောက် တရားဝင်ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးဆောင်ပြီး တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း SOP မူကြမ်းရေးဆွဲပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းအပေါ် နောက်ဆုံးအကြိမ် ပြင်ဆင်/ဖြည့်စွက်ပြီး စိစစ်ထုတ်ပြန်သွားရန်အနေအထား ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အဆိုပါ SOP ရေးဆွဲပြီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို စိုက်ပျိုးမြေယာရယူအသုံးချမှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကျွမ်းကျင်ပညာရှင်၊ ဝန်ထမ်း၊ အလုပ်သမားခန့်ထားရေး စည်းကမ်းချက်များ၊ တရုတ်နိုင်ငံသားများ ဝင်ရောက်/ ထွက်ခွာခြင်း စည်းကမ်းများ၊ သယ်ယူပို့ဆောင်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းစည်းကမ်းချက်များနှင့် သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ပြည်နယ်အစိုးရအဖွဲ့နှင့်ပေါင်းစပ်၍ ပုံမှန်စစ်ဆေးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့်အခြေအနေဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် တိုက်တွန်းထားသည့်အဆိုတွင်ပါရှိသည့် အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအမံများကို ကဏ္ဍအလိုက် တစ်ဆင့်ပြီးတစ်ဆင့်လိုအပ်မည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် နည်းတူ ကချင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြဋ္ဌာန်းထုတ်ပြန်ထားမှုနှင့်အညီ လိုက်နာဆောင်ရွက်မှုအပေါ်တွင် ကြီးကြပ်ရေးအဖွဲ့များဖြင့် စနစ်တကျကြပ်မတ်စစ်ဆေးဆောင်ရွက်နေမှုရှိသည့်အလျောက် လက်တွေ့မြေပြင်တွင် ဖြစ်တည်နေသည့် လိုအပ်ချက်၊ အားနည်းချက်များ လျော့ပါးပပျောက်သွားစေရန် ထိန်းကျောင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဆိုရှင် ဒေါက်တာခွန်ဝင်းသောင်းက လွှတ်တော်၏အဆုံးအဖြတ်ကို ရယူလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၆၈ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၂ မဲဖြစ်သဖြင့် ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးပြုံးလွင်က ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်မှုများမှာ ကြယ်ပွင့်ပြမေးခွန်း ၈၃၀၊ ကြယ်ပွင့်မပြမေးခွန်း ၁၀၃၀ နှင့် အတည်ပြုအဆို ၁၈ ခု စုစုပေါင်း ၁၈၇၈ ခုဖြစ်ပါကြောင်း၊ ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း ၂၈၄ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၀၅ ခုနှင့် အဆို ၂ ခု စုစုပေါင်း ၆၉၁ ခုကို ၁၀၀ ရာခိုင်နှုန်းလုပ်ငန်းများပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ခဲ့ပြီး ကတိလက်ကျန်စာရင်း ၁၁၈၇ ခု ရာခိုင်နှုန်းအားဖြင့် ၆၃ ဒသမ ၂ ရာခိုင်နှုန်း ကျန်ရှိနေပါကြောင်း။

ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးကြောင်းနှင့် ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးပါရန် တင်ပြလာမှုအပေါ် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း **စာမျက်နှာ ၇ သို့** ❐

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ အောင်ဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း


လုံမင်းသား စံတင်

**၁၉၆၇ ခုနှစ်မှာ 'မောင်ချစ်တဲ့သူ အင်္ဂုတိတ်အောင်' အဲဒီမှာ ဘာကိုသွား သဘောကျကြသလဲဆိုရင် မင်းသား စာရေးဖို့ လက်လှုပ်လိုက်တာ မင်းအိုး ကိုတိုက်ပြီး မင်းအိုးက ဖိတ်သွားတယ်၊ မင်ကနေ ကောင်မလေးဖြစ်သွားတယ်**

**ယမန်နေ့မှအဆက်**

**ဦးတင်ယု** ။ ။ နဂိုကတည်းက သူကယောကျ်ားတကယ်ပီသတယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ၊ ခပ်ပေပေ ခပ်တေတေနော်။

**ဦးတင်ယု** ။ ။ ခပ်ပေပေ ခပ်တေတေ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ ကားတွေရိုက်တော့သာ မိန်းမလျာလိုလို ဘာလိုလိုနဲ့။

**ကြည်စိုးထွန်း**။ ။ အေးအေးလေးနဲ့နော် နွဲ့နွဲ့လေး။

**ဦးတင်ယု** ။ ။ အပြင်မှာ။

**ကြည်စိုးထွန်း**။ ။ ဆိုးဆိုးပေပေထဲကလား (ရယ်လျက်) ကြားတယ် ဆရာ၊ သူက နောက်နောက်ပြောင်ပြောင် ဆိုးဆိုးပေပေပေါ့လေ။ အဲဒီလိုပေါ့။ သူက အဲဒီလိုနေတတ်တယ်ဆိုတာ သူ့သူငယ်ချင်းတွေပြောတာ ကျွန်တော်ကြားဖူးတယ်။ ဒီကားထဲမှာတော့ သူက တကယ့်ကိုကောင်းတယ် ဆရာ။ သူတင်ကောင်းတာမဟုတ်ဘူး။ သူနဲ့ပြိုင်ဘက်ဖြစ်တဲ့ ဗီလိန်ပေါ့ဆရာ မျိုးညိမ်းတို့၊ စံတင်တို့။

**ဦးတင်ယု** ။ ။ လုံမင်းသားစံတင် ဖြစ်သွားတယ်လေ အဲဒီမှာ။

**ကြည်စိုးထွန်း**။ ။ ဩော် အဲဒီကားနဲ့ဟုတ်တယ်ဆရာ။ ဗီလိန်ဦးစံတင်ကြီးက လုံကစားပြရင်းနဲ့ သူက လုံမင်းသားဆိုတဲ့နာမည်ရပြီးတော့ နောက်ကျတော့ 'မက္ခရာဓား' ဘာညာထိအောင် လုံမင်းသားစံတင်က မင်းသားထိအောင် ဖြစ်သွားတယ်နော်ဆရာ။ အဲဒီကစတာပဲ။ ဟိုမှာလည်း ကောင်းတယ်ဆရာ။ 'ဗန်တိုလူလေးနဲ့သူဇာ'လည်း သူဇာတ်ပို့သိပ်ကောင်းတယ် ဆရာ။ ဆရာတို့ လမ်းဖွင့်ပေးလိုက်တဲ့ လူကြမ်းမင်းသားတွေပေါ့နော်ဆရာ။

**ဦးတင်ယု** ။ ။ ၁၉၆၆ ခုနှစ်မှာ 'ချစ်မြေ' ဇာတ်ကား၊ ပြန်ကြားရေးက ရိုက်တာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ 'ချစ်မြေ 'က နိုင်ငံတော်ကရိုက်တယ်ပြောရမှာပေါ့ ဆရာ။ အဲဒီမှာဆရာက director of photography၊ ဒါရိုက်တာက ဦးတင်မောင်။

**ဦးတင်ယု** ။ ။ နောက် 'ဘယ်ခြောက်ခါညာလှမ်းလို့ '။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ မြင့်အောင်၊ တင်တင်အေး။

**ဦးတင်ယု** ။ ။ ကရာတေးကို အရင်ဆုံးဇာတ်ကား ရုပ်ရှင်ရိုက်တာ။

**ကြည်စိုးထွန်း**။ ။ ဩော် ကရာတေးကို ဟုတ်ကဲ့ ဆရာ၊ ရှူဝံရဲ့ နယ်လီဝင့်ဆိုတဲ့ ဝတ္ထုပေါ့ဆရာနော်။

**ဦးတင်ယု** ။ ။ ၁၉၆၇ ခုနှစ်မှာ 'မောင်ချစ်တဲ့သူအင်္ဂုတိတ်အောင်'။ အဲဒီမှာ ဘာကိုသွားသဘောကျကြသလဲဆိုရင် မင်းသားစာရေးဖို့ လက်လှုပ်လိုက်တာ မင်အိုးကိုတိုက်ပြီး မင်အိုးကဖိတ်သွားတယ်၊ မင်ကနေ ကောင်မလေးဖြစ်သွားတယ်။



**ကြည်စိုးထွန်း**။ ။ ဩော်ဩော် Animation ပေါ့ဆရာ၊ Camera Trick ကို Animation နဲ့ ဆရာလုပ်လိုက်တာပေါ့နော်။

**ဦးတင်ယု** ။ ။ အဲဒီဟာလည်း စံရှားတင်ပဲ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ အဲဒီအထဲမှာလည်း အငြိမ့်သမပဲ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ မင်ကနေဖြစ်သွားပြီး အငြိမ့်သမလိုထကတာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ၊ ဆရာရိုက်ထားတာ ခုန မင်းသားကကော



ရှိသေးလား၊ မင်းသားကအကြီးကြီး၊ မင်းသမီးက သေးသေးလေးနဲ့ ကတာလား။ ဩော် အဲဒီလို အဲဒါ 'မောင်ချစ်တဲ့သူ အင်္ဂုတိတ်အောင်' ကောလိပ်ဂျင်နေဝင်းနဲ့ စံရှားတင်၊ ဦးကျော်လုံးလည်း ပါတယ်။

**ဦးတင်ယု** ။ ။ နောက် 'တယောက်တနေရာ'

**ကြည်စိုးထွန်း**။ ။ မင်းသားမြင့်အောင်ပဲဆရာ တင်တင်အေး၊ မောင်ကိုဦး။

**ဦးတင်ယု** ။ ။ ၁၉၆၈ခုနှစ် 'တံခါးခေါက်သံ' ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ မောင်ကိုဦးပဲနော်ဆရာ သီချင်းလား။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ ဩော် အဲဒီသီချင်းက ဦးကျော့မှူးစပ်တဲ့သီချင်း။

**ဦးတင်ယု** ။ ။ "မျက်လုံးချင်း စကားပြောနေသည်"

**ကြည်စိုးထွန်း**။ ။ ဩော် "မျက်လုံးချင်းစကားပြောနေသည်" အဲဒါလည်း အခုထိပေါ့ဆရာရယ် ခေတ်စားနေတဲ့ သီချင်းလေးပဲဆရာ၊ ကျွန်တော်တော့ မရဘူး၊ ဆရာရရင် ဆိုပြပါလား။

**ဦးတင်ယု** ။ ။ ကျွန်တော်လည်းမရဘူး အဲဒီသီချင်းကို ဂျပန်က ပြန်လာပြီး ဂျပန်အချိုးကို ယူလာတာ။



**ကြည်စိုးထွန်း**။ ။ ဩော် ဂျပန်က မယ်လိုဒီကို ယူပြီးတော့။

**ဦးတင်ယု** ။ ။ ဒီမှာ ကိုကျော့မှူးလာထည့်တာ။

**ကြည်စိုးထွန်း**။ ။ ဩော် ဦးကျော့မှူး စာထည့်လိုက်တာ။ အဲဒါလည်း အခုထိ ခေတ်စားနေတယ်ဆရာ။ အဲဒီသီချင်းလေးက နားထောင်လို့လည်းကောင်းတယ်။ "မျက်လုံးချင်းစကားပြောနေသည်" မောင်သိန်းဝင်း ဆိုတာ နားထောင်လို့သိပ်ကောင်းတယ်။

**ဦးတင်ယု** ။ ။ သူကလည်းမျက်လုံးချင်းစကားပြောစရာရှိတယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ 'တံခါးခေါက်သံ' ကို ကန်တော့ပွဲပေးတာ ရွှေမော်ဓောမှာ။

**(ဆက်လက်ဖော်ပြပါမည်)**







# အမျိုးသားမြို့ပြ မူဝါဒချမှတ်ရေးညီလာခံ ကျင်းပ




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အမျိုးသားမြို့ပြမူဝါဒချမှတ်ရေးညီလာခံကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည်။

ညီလာခံသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေးတို့မှ မြို့တော်ဝန်များ၊ ဒုတိယမြို့တော်ဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် UN–Habitat နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရင်ဆိုင်ကြုံတွေ့နေကြရ**

ညီလာခံတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့အခြေချနေထိုင်မှုနှင့် မြို့ပြကြီးထွားလာမှု၊ လူဦးရေတိုးတက်များပြားလာမှုများကြောင့် ရေ၊ လျှပ်စစ်မီး၊ လမ်း၊ ရေမြောင်း၊ အမှိုက်သိမ်းစနစ် စသည့် အခြေခံအဆောက်အဦမလုံလောက်မှုများ၊ အထူးသဖြင့် ပျံ့ကျဲနေထိုင်မှုများ၊ နည်းစနစ်မကျသည့် မြို့ပြချဲ့ထွင်မှုများအပြင် သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း၊

မြို့ပြစီမံအုပ်ချုပ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူတို့၏ နေထိုင်မှုနှင့် ဘေးကင်းလုံခြုံရေးအတွက် အစီအမံများသည် ပြောင်းလဲမြန်ဆန်နေသည့် အခြေအနေများအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိဘဲ နိုင်ငံတကာကဲ့သို့ လိုအပ်ချက်များစွာ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် စနစ်ကျသည့် မြို့ပြများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ပြဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် မြို့ပြများဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြနှင့်ကျေးလက်များ၊ မြို့အချင်းချင်းတို့ ကွန်ရက်ချိတ်ဆက်မှုအားကောင်းလာစေရန် လျော်ကန်သည့် မြို့ပြမူဝါဒများချမှတ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မြို့ပြသုတေသနစစ်တမ်းအရ မြို့ပြနေထိုင်သူ လူဦးရေသည် ၂၀၁၄ ခုနှစ်တွင် ၁၅ ဒသမ ၄ သန်း (၃၀ ရာခိုင်နှုန်း)ရှိရာမှ ၂၀၃၀ပြည့်နှစ်တွင် သန်း ၂၀ ခန့်အထိ တိုးတက်ရောက်ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မက်ကင်ဆေးသုတေသနအဖွဲ့၏ လေ့လာသုံးသပ်ချက်အရ မြန်မာနိုင်ငံတွင် လူဦးရေနှစ်သိန်းအထက်ရှိသည့် မြို့ကြီးများတွင် နေထိုင်သူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာနိုင်သည်ဟု တွက်ချက်ထားပါကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ၁၄၆ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်အတွက် တစ်နှစ်ကို အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်ပါကြောင်း။

ပထမအဆင့်အဖြစ် ခေတ်မီစီမံကိန်းရေးဆွဲရေးစနစ်တစ်ရပ်နှင့်အတူ မြို့ပြတိုးချဲ့မှုအတွက် ကြိုတင်စီမံလျာထားရန် လိုအပ်ကြောင်း၊ ဒုတိယအဆင့်အဖြစ် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ တတိယအဆင့်အဖြစ် ထိုမြို့ပြကြီးများ၏ အုပ်ချုပ်ရေးကောင်းမွန်အောင် စဉ်းစားရန် လိုအပ်ကြောင်းကို အကြံပြုထားပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံရှိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီး သုံးမြို့တွင် Smart City အကောင်အထည်ဖော်မှုလုပ်ငန်းများကို မိမိတို့မြို့များ၏ လိုအပ်ချက်များအပေါ် အခြေခံပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် စီမံကိန်းများအဖြစ် Korea–Myanmar Industrial Complex Project, New Mandalay Resort City နှင့် Smart District Project စသည့် စီမံကိန်းများကို Smart Development အဖြစ် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ယနေ့ဆွေးနွေးပွဲတွင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) နှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် မြို့ပြမူဝါဒဦးစားပေးနယ်ပယ်များ ချမှတ်ထားပါကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးစနစ်နှင့် ဘဏ္ဍာရေး၊ မြို့ပြဥပဒေပြဋ္ဌာန်းရေး၊ မြေစီမံခန့်ခွဲမှု၊ အိမ်ရာ၊ မြို့ပြဖြစ်ထွန်းမှု၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်း၊ ဘက်ညီမျှတသည့် နယ်မြေဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အဦနှင့် ပြည်သူ့ဝန်ဆောင်မှုများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ပါဝင်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမြို့ပြမူဝါဒကို ခိုင်မာစွာရေးဆွဲအကောင်အထည်ဖော်သွားနိုင်ရန် အားလုံးဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwaနှင့် UN– Habitat ၏ Regional Director Mr. Atsushi Koresawa တို့က ကြိုဆိုနှုတ်ခွန်းစကား ပြောကြားကြပြီး "The Future of Asian & Pacific Cities" ဗီဒီယိုကို ပြသသည်။

ယင်းနောက် UN–Habitat Myanmar ၏ Country Program Manager Mr. Bijiay Karmacharya က အမျိုးသားမြို့ပြမူဝါဒလုပ်ငန်းစဉ်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး "The New Urban Agenda" ဗီဒီယိုကို ပြသသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ညီလာခံကိုဆက်လက်ကျင်းပရာ အမျိုးသားမြို့ပြမူဝါဒဦးစားပေးဧရိယာ လေးခုအား ဆွေးနွေးခြင်း၊ Smart City နည်းဗျူဟာများနှင့် ထည့်သွင်းဆောင်ရွက်သွားရမည့်အချက်များအား ရှင်းလင်းဆွေးနွေးခြင်း၊ အမျိုးသားမြို့ပြမူဝါဒ(မူကြမ်း)အား ဆွေးနွေးခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကလောမြို့၏ City Profile ရေးဆွဲခြင်းနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အမျိုးသားမြို့ပြမူဝါဒချမှတ်ရေးညီလာခံ"ကို နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားလိုအပ်ချက်များနှင့် ပြည်သူလူထု၏ လူမှုစီးပွားတိုးတက်ကောင်းမွန်လာစေရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများနှင့် ကမ္ဘာမြေဟူသောမဏ္ဍိုင်(၃)ရပ်ဖြင့် ချမှတ်ထားသည့် Myanmar Sustainable Development Plan (MSDP) နှင့် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်ဖြစ်သည့် Sustainable Development Goals တို့ကို ရုပ်လုံးဖော်ဆောင်နိုင်မည့် အမျိုးသားမြို့ပြမူဝါဒများကို အများပြည်သူပူးပေါင်းပါဝင်မှုဖြင့် ချမှတ်သွားနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ စာမျက်နှာ ၅ မှ

မိမိတို့၏ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ၁၀၀ ရာခိုင်နှုန်းပြီး/ မပြီးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီခြင်း ရှိ/မရှိကို ပြန်လည်စိစစ်၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးနိုင်ပါရန် ကော်မတီသို့ ဆောလျင်စွာ ပြန်လည်တင်ပြပေးနိုင်ရန် လိုအပ်သည်ကို အကြံပြုတင်ပြလိုပါကြောင်း။

**တွေ့ဆုံညှိနှိုင်းဆွေးနွေးပေးခဲ့**

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးရန် တင်ပြလာသော အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာသည့် ကတိကဝတ်အပေါ် အမှန်မြေပြင်တွင် မပြီးစီးဘဲ (သို့မဟုတ်) ကွဲလွဲနေမှုများရှိပါက ကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မေးခွန်းရှင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို သီးခြားဖိတ်ကြား၍ ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာန (၃)ခု တွေ့ဆုံညှိနှိုင်းဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း တွေ့ဆုံညှိနှိုင်းခြင်းများ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ထုတ်ယူနိုင်**

ကော်မတီသည် ကိုယ်စားလှယ်များက လွှတ်တော်တွင် မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများ (ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ)နှင့်စပ်လျဉ်း၍ နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေ (လစဉ်အစီရင်ခံစာ)များအား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ကော်မတီသို့ ပေးပို့လျက်ရှိရာ သက်ဆိုင်ရာမေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုပါက ကော်မတီသို့ ဆက်သွယ်၍ မိမိတို့သိရှိလိုသည့် အကြောင်းအရာအချက်အလက်များကို ထုတ်ယူနိုင်ပါကြောင်းကိုလည်း ထပ်မံအသိပေးဖော်ပြအပ်ပါကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် ကိုယ်စားလှယ်များ မိမိတို့မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ်သိရှိနိုင်စေရန်နှင့် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နေမှုနှင့် မိမိတို့မေးမြန်းချက်၊ ကတိဖြစ်ပေါ်မှုများအပေါ် ကွဲလွဲချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ညှိနှိုင်းပေါင်းစပ်နိုင်ရန် ဖြစ်ပါကြောင်း။

ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ခဲ့ပြီး အဆို၊ မေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ဘဏ္ဍာရေးနှစ်နှင့် သတ်မှတ်စံချန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်တွန်းအားပေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စိစစ်တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များကိုလည်း သက်ဆိုင်ရာဌာနများသို့ ကော်မတီမှ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုယ်စားလှယ်များ မေးမြန်းထားသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ လိုအပ်သောနေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းလေ့လာမှုများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်ကို အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ နေပြည်တော်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၆**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ သည် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာလုသို့ဗွန်းတို့က အထူးလေယာဉ်ပေါ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

○ ဗီယက်နမ်မှ
နိုင်ငံခြားသားကစားသမားများ ပါဝင်လာသည့် ဘင်ဒေါင်းအသင်းကို မြန်မာအသင်းအနေဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး အပြန်အလှန် ဂိုးသွင်းနိုင်ခဲ့ကာ ပယ်နယ်တီမှာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် သုံးဂိုးစီသရေ၊ အချိန်ပိုတွင် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

**နစ်နာစေခဲ့**

မြန်မာအသင်းအတွက်ဂိုးများကို ၅၇ မိနစ်တွင် ရန်ကျော်စိုး၊ ၆၁ မိနစ်တွင် နောင်နောင်စိုး၊ ၉၁၊ ၁၂၀ မိနစ်တွင် ညီညီတို့က သွင်းယူခဲ့သည်။ ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ ဘင်ဒေါင်းအသင်းက ငါးလုံးစလုံးဂိုးဝင်ခဲ့ပြီး မြန်မာအသင်းက လေးလုံးသာဝင်ပြီး နောက်ဆုံးအလုံး ဂိုးမဝင်သောကြောင့် ဘင်ဒေါင်းအသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် တာဝန်ယူခဲ့သည့် ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်အချို့မှာ မြန်မာအသင်းကို နစ်နာစေခဲ့ပြီး ပယ်နယ်တီကန်သွင်းရာတွင်လည်း မြန်မာဂိုးသမား ပြည့်ဖြိုးသူကို နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခဲ့ရာ မြန်မာအသင်းသည် လက်ကျန်ပယ်နယ်တီသုံးလုံးကို ကစားသမားတစ်ဦးက အစားထိုးဖမ်းခဲ့ရသည်။ အခြားဆီမီးဖိုင်နယ်ပွဲစဉ်တွင် အိမ်ရှင်ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**လူစုံပါဝင်**

ဒီဇင်ဘာ ၁၇ ရက်တွင် တတိယလုပွဲအဖြစ် မြန်မာယူ-၁၉ အသင်းနှင့် ကမ္ဘောဒီးယားယူ-၁၉ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်ယူ-၁၉ အသင်းနှင့် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲတွင် အနီကတ်ဖြင့်ထုတ်ပယ်ခံရသည့် မြန်မာဂိုးသမား ပြည့်ဖြိုးသူ၏ အနီကတ်ကို အယူခံဝင်ခဲ့ရာ အောင်မြင်ခဲ့သောကြောင့် တတိယလုပွဲတွင် လူစုံပါဝင်ကစားနိုင်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

**တစ်ပင်မှသည် တစ်တောဆီ**
**စီရီစိုက်ပျိုး ပြည့်တန်ဖိုး**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဩစတြေးလျနိုင်ငံအခြေစိုက် Woodside Energy Ltd.မှ Executive Vice- President အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် Woodside Energy Ltd. မှ Executive Vice –President Ms. Meg O’ Neill ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ်းလွန်လုပ်ကွက် A-6 နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကုမ္ပဏီ၏ Corporate Social Responsibility (CSR) programs တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ကမ်းလွန်လုပ်ကွက် A-6 တွင် Woodside Energy company က ၄၀ ရာခိုင်နှုန်း၊ Myanmar Petroleum Resourses Ltd. (MPRL E&P) က ၂၀ ရာခိုင်နှုန်း၊ ပြင်သစ်စွမ်းအင်ကုမ္ပဏီဖြစ်သည့် TOTAL မှ ၄၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နော်ဝေနိုင်ငံအခြေစိုက် NIS အဖွဲ့အစည်းမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၆**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နော်ဝေနိုင်ငံအခြေစိုက် NIS အဖွဲ့အစည်းမှ Country Director, Ms. Elizabeth Jane Armstrong နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နော်ဝေနိုင်ငံအခြေစိုက် NIS အဖွဲ့အစည်းအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးရန်ဆောင်ရွက်နေမှု၊ လူမှုအသိုက်အဝန်းများ အားကောင်းစေရေး၊ လူမှုသဟဇာတမျှတရေး၊ မတူညီသောအသိုက်အဝန်းများအကြား ပေါင်းစည်းညီညွတ်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစသည့် အခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို နိုဝင်ဘာ ၁၉ ရက်က မိတ်ဆက်ခဲ့ပြီး ဒေသအလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည့်အခြေအနေ၊ IDP စခန်းများပိတ်သိမ်းရာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် မိမိဘဝမိမိရပ်တည်နိုင်ပြီး နေထိုင်ရာပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေနှင့် လူမှုစုစည်းညီညွတ်မှုရရှိစေရေး ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ လူမှုသဟဇာတမျှတရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အဆင့် အခမ်းအနားတစ်ခုအား ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ
ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲများအဖြစ် အာဆီယံယူ-၁၈ အမျိုးသမီးပြိုင်ပွဲကို စက်တင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၊ အာဆီယံယူ-၁၅ ပြိုင်ပွဲကို ဧပြီလ၊ မေလတွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့၊ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီလ၊ မေလတွင် ဖိလစ်ပိုင်နိုင်ငံတို့၌ ကျင်းပမည်ဖြစ်သည်။ ဖူဆယ်ပြိုင်ပွဲနှစ်ခုစလုံးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး အာဆီယံဖူဆယ်ပြိုင်ပွဲကို ဇူလိုင်လ၊ ဩဂုတ်လတို့တွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကျင်းပမည့်ရက်ကိုမူ အတည်ပြုခြင်း မရှိသေးပေ။

အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကိုမူ နိုဝင်ဘာ၂၁ ရက်မှ ဒီဇင်ဘာ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဒီဇင်ဘာ ၁၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်သည့် ပြိုင်ပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် ပြိုင်ပွဲများအတည်ပြုခဲ့ပြီး ပြိုင်ပွဲ ကိုးခုကျင်းပရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်ပြိုင်ပွဲမရှိကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြခဲ့သော အောင်ဆန်းရုပ်ရှင် အင်တာဗျူးတွင် သခင်လှဖေအစား သခင်လှမြိုင် (ဗိုလ်ရန်အောင်) ဟု ပြင်ဆင်သိမှတ်ပေးပါရန် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။ **စာရေးသူ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲ မအူပင်၌ ပြုလုပ်

**မအူပင် ဒီဇင်ဘာ ၁၆**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် တင်သွင်းသည့်ကိစ္စကို သွားရောက်ဖြေရှင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မြန်မာနိုင်ငံသားများက ရပ်တည်ကြောင်း လူထုထောက်ခံပွဲကို ယနေ့ညနေ ၃ နာရီတွင် မအူပင်မြို့၌ ကျင်းပသည်။

**စီတန်းလှည့်လည်**

လူထုထောက်ခံပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မအူပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာအုပ်စု ၇၆ အုပ်စု၊ မြို့ပေါ်(၁၂)ရပ်ကွက်နှင့် ကျေးရွာခွဲပေါင်း ၄၄၂ ရွာမှ ပြည်သူများ အင်အားလေးသောင်းခန့် တက်ရောက်ခဲ့ကြပြီး မအူပင်မြို့ ရွှေဘုန်းမြင့်ဘုရားမုခ်ဦးတွင် စုရုံးပြုလုပ်ကာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူရပ်တည်ကြစို့၊ We Stand With Our Leader ပိုစတာများ ကိုင်ဆောင်ကာ ဘုရားလမ်းမှ မြို့ရှောင်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်မှတစ်ဆင့် ရေလဲလမ်းမကြီးတစ်လျှောက်၊ ၎င်းမှတစ်ဆင့် ကမ်းနားလမ်း၊ ဘုရားလမ်းစုရပ်သို့ ငြိမ်းချမ်းစွာဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**




# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို "စံသတ်မှတ်ထုပ်ပိုးမှုပုံစံ" ထုပ်ပိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို "စံသတ်မှတ်ထုပ်ပိုးမှုပုံစံ" ဖြင့်သာ ထုပ်ပိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။



**သေဆုံးမှုများဖြစ်ပွားနေ**


အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကျန်းမာရေးထိခိုက်ခြင်း အပါအဝင် ကဏ္ဍအသီးသီးတွင် ထိခိုက်ဆုံးရှုံးမှုများသည် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသောကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများအတွက် ယခု အလုပ်ရုံဆွေးနွေးပွဲသည် အရေးကြီးကြောင်း၊ အချက်အလက်များအရ မြန်မာနိုင်ငံတွင် နှစ်စဉ်လူဦးရေ ၆၄၀၀၀ ခန့်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးမှုများဖြစ်ပွားနေကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သော WHO STEPS survey အရ ပါဝင်ဖြေဆိုသူများ၏ ၉၄ ရာခိုင်နှုန်းတွင် မကူးစက်တတ်သော ရောဂါဖြစ်ပွားနိုင်သည့် အကြောင်းအရာတစ်ရပ်ရှိနေပြီး ၁၉ ဒသမ ၆ ရာခိုင်နှုန်းတွင် မကူးစက်တတ်သော ရောဂါဖြစ်ပွားနိုင်သည့် အကြောင်းအရာ (၃)ရပ်မှ (၅)ရပ်အထိ ရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက လာမည့် ၅ နှစ်တာကာလခန့်အတွင်း ထိန်းချုပ်ရန် အလွန်ခက်ခဲသော ပြည်သူ့ကျန်းမာရေး ပြဿနာကြီး ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ကျန်းမာရေး၊ စီးပွားရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ဆုံးရှုံးမှုကြီးများဖြစ်လာမည်ဖြစ်ကြောင်း။


ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တင်သွင်းသော၊ ထုတ်လုပ်ရောင်းချသော ဆေးလိပ်ဘူးခွံများကို သတ်မှတ်ချက်များနှင့်အညီ "စံသတ်မှတ်ထုပ်ပိုးမှုပုံစံ"ဖြင့်သာ ထုပ်ပိုးရန် လုပ်ငန်းများသည် ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်မှုလုပ်ငန်းများတွင် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ စံသတ်မှတ်ထုပ်ပိုးမှုပုံစံဆောင်ရွက်ရာတွင် ဥပဒေရေးရာများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ဥပဒေစိုးမိုးမှုရှိရန် သက်ဆိုင်ရာဌာနများက မိမိတို့အခန်းကဏ္ဍအလိုက် တာဝန်ယူ ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံပြုချက်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုကြောင့် ကျန်းမာရေး၊ စီးပွားရေး ထိခိုက်ဆုံးရှုံးမှုဆိုင်ရာ အချက်အလက်များနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေးမူဘောင် သဘောတူညီချက်အဖွဲ့မှ Technical officer Mr. Andrew Black က မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲမှုကြောင့် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်း ထိခိုက်ဆုံးရှုံးနေမှု၊ စံသတ်မှတ်ထုပ်ပိုးမှုပုံစံကို အသုံးပြုခြင်းဖြင့် လူငယ်များတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း စတင်အသုံးပြုမှုဆိုင်ရာ အမူအကျင့်များ သိသာထင်ရှားစွာလျှော့ချနိုင်မှုနှင့် "စံသတ်မှတ်ထုတ်ပိုးမှုပုံစံ"တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ WHO FCTC နှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများနှင့် အငြိမ်းစားပညာရှင်များက "စံသတ်မှတ်ထုပ်ပိုးမှုပုံစံ"နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၆ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်နေ မောင်ဆိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၂-၂၀၁၉ ရက်နေ့တွင် တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်နေ မောင်ဆိုင်(ခ)မောင်စိုင်(၃၂)နှစ်၊ (ဘ)ဦးရွှေဘ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ဇနီးဒေါ်ဆိုင်ဘူ(၃၈)နှစ်၊ (ဘ)ဦးလုံဂျုံဆင်ဝါးနော်၊ တစ်ရပ်ကွက်တည်းနေ ဘိုသိန်း(ခ)သိန်းနိုင် (၃၅)နှစ်၊ (ဘ)ဦးငွေး၊ ပုန်ခုန်းရပ်ကွက်နေ သုခ(ခ) သန်းထိုက်အောင်(၃၅)နှစ်၊ (ဘ)ဦးနေတို့ (၃)ဦးအား အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တနိုင်း) မယ(ပ)၄၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ဆင်ကုန်းကျေးရွာနေ မောင်လွင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၂-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ဆင်ကုန်းကျေးရွာနေ မောင်လွင်(၄၁)နှစ်၊ (ဘ)ဦးဝင်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း) မယ(ပ) ၇၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ တကူကျေးရွာနေ နီတွတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၂-၂၀၁၉ ရက်နေ့တွင် တနင်္သာရီမြို့နယ်၊ တကူကျေးရွာနေ နီတွတ်(၆၃)နှစ်၊ (ဘ)ဦးဖိုးဘကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်(ခ) ခင်ကြူ (၆၃)နှစ်၊ (ဘ)ဦးအောင်တင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တနင်္သာရီ) မယ(ပ) ၃၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေယံစိုး(ခ)ငွေလှသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၂-၂၀၁၉ ရက်နေ့တွင် တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေယံစိုး(ခ)ငွေလှ(၃၂)နှစ်၊ (ဘ) ဦးဖေသင်းကြူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဘန်းလမွတ်ကျေးရွာနေ ကျော်မင်း(၂၉)နှစ်၊ (ဘ)ဦးဂွမ်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တနင်္သာရီ) မယ(ပ)၃၁/၂၀၁၉၊မူး/စိတ်ပုဒ်မ၁၉ (က) /၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်ကွက်နေ ရန်နောင်ထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၂-၂၀၁၉ ရက်နေ့တွင် ထားဝယ်မြို့၊ ထိန်လယ်ရပ်ကွက်၊ ရေးလမ်းနေ ရဲသွေး(ခ) ရဲရဲ(ခ)ဝက်မဲ(၂၄)နှစ်၊ (ဘ) ဦးမောင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အိုးလုပ်ရပ်ကွက်၊ အလယ်လမ်းနေ ရဲနိုင်ထွေး(ခ)သင်းမြ (၂၃)နှစ်၊ (ဘ)ဦးခင်မောင်ထွေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်နေ မကျော်ဇင်လှဲ့(ခ) ဝတ်မှုံ (၂၀)နှစ်၊ (ဘ)ဦးသောင်းအေးတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ အဆိုပါမူးယစ်ဆေးဝါးများအား ထားဝယ်မြို့၊ တလိုင်းထိန်ရပ်ကွက်၊ ရတနာလမ်းနေ ရန်နောင်ထွေး (၂၆)နှစ်၊ (ဘ)ဦးညီထွေးထံမှ ဝယ်ယူခဲ့ကြောင်းသိရှိရသဖြင့် ဆက်လက်ရှာဖွေရာ ၎င်းအား မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား မမစ(ထားဝယ်) မယ(ပ) ၆၇ / ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာနေ ဖိုးဇံသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၂-၂၀၁၉ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ လက်ပံကျေးရွာနေ ဖိုးဇံ(၅၅)နှစ်၊ (ဘ)ဦးအဇစ်၏ နေအိမ်လက်ဖက်ရည်ဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ ဒေါ်လိုင်တွန်မီ(၃၈)နှစ်၊ (ဘ)ဦးနိုးတူး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းရပ်ကွက်နေ သက်ကြီး(ခ)သက်ကိုဦး(၃၅)နှစ်၊ (ဘ)ဦးမြတ်ကို၊ ကျောက်ဆည်မြို့၊ ကံဦးရပ်ကွက်နေ ဇော်ရဲမြင့်(ခ)ဇော်ရဲ(၃၈)နှစ်၊ (ဘ)ဦးလှမြင့်တို့ (၄)ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ အဆိုပါမူးယစ်ဆေးဝါးများအား သစ်ကြီးတန်းရပ်ကွက်နေ ဇော်ဇော်(၅၆)နှစ်၊ (ဘ)ဦးကျော်သိန်းထံမှဝယ်ယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ဆက်လက်ရှာဖွေရာ ၎င်းအား မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၅)ဦးအား မမစ(ကျောက်ဆည်) မယ(ပ)၄၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ လက်ပံဒိုင်းကျေးရွာနေ ညီလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၂-၂၀၁၉ ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်၊ လက်ပံဒိုင်းကျေးရွာနေ ညီလေး(၅၃)နှစ်၊ (ဘ)ဦးပန်းမှုံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ(ညောင်ကုန်း) မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်နေ တင်မိုးလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၂-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁) ရပ်ကွက်၊ အောင်မေတ္တာလမ်းနှင့် မြို့မလမ်းဆုံ၌ စက်ဘီးတွန်းလာသူ ယမုံနာ(၁)ရပ်ကွက်နေ တင်မိုးလွင်(ခ) တင်မျိုးလွင် (၃၄)နှစ်၊ (ဘ)ဦးအုန်းလွင်နှင့် သာကေတမြို့နယ်၊ ရန်ပြေရပ်ကွက်နေ ဖြိုးမောင်မောင် (ခ)မရမ်းသီး(၂၃)နှစ်၊ (ဘ)ဦးအောင်ကျော်မြိုင်တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၅၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆)ဦး၊ မ(၁)ဦး၊ ပေါင်း(၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၁-၁၂-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ နိုင်ကောင်း(၅၅)နှစ်၊ (ဘ) ဦးအိုက်ဟိန်းနှင့် နောင်ပကျေးရွာနေ အိုက်လု(၅၂)နှစ်၊ (ဘ)ဦးအိုက်ကျောက်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ အဆိုပါနေရာ၌ပင် ၎င်းရပ်ကွက်နေ အယု(၃၈)နှစ်၊ (ဘ) ဦးညီအွန်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နမ္မတူ)မယ (ပ)၁၄/၂၀၁၉၊မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ခတ်ခုံကျေးရွာနေ ဝင်းဗိုလ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၂-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ခတ်ခုံကျေးရွာနေ ဝင်းဗိုလ်(၄၂)နှစ်၊ (ဘ)ဦးဖိုးကြွယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း)မယ(ပ)၉၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ဘိုင်ဘင်ကျေးရွာနေ စန်းဝေသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၂-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ဘိုင်ဘင်ကျေးရွာနေ စန်းဝေ(၅၆)နှစ်၊ (ဘ)ဦးထွန်းခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇနီးဖြစ်သူ မခိုင်(၄၂)နှစ်၊ (ဘ)ဦးဘိုကေတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ (ပ) ၁၀၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ဒေါ်ဒေလီယာသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၂-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ဒေါ်ဒေလီယာ(၄၀)နှစ်၊ (ဘ)ဦးဗဟာဒူး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ (ရပ်စောက်)မယ(ပ) ၇၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

**၃။** တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၄-၁၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၉၆) မှုဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၁၅၂)ဦး၊ မ(၂၂၇)ဦး၊ပေါင်း(၁၃၇၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၆၁.၂၉၉၄)ဂရမ်၊ ICE (၁၃၄၇.၃၂)ဂရမ်၊ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၀၄.၉၈)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၄၉၉၇၁)ပြား၊ ဆေးခြောက် (၈၇၅၇.၉၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃၆.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားကျေးရွာတွင် ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၆

(၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ရခိုင်ပြည်နယ်အလံအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖတ်ကြားသည်။

ယင်းနောက် ရခိုင်တံခွန်ဆုရ ဆရာတော်ကြီး ငါးပါးနှင့် လူပုဂ္ဂိုလ် ၁၃ ဦးတို့အား ရခိုင်တံခွန်ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့က ဆက်ကပ်ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အနန္တစန္ဒြားကျောက်စာ ပုံတူကြေးပြားများအား အမျိုးသားပြတိုက်တွင်ထားရှိရန်အတွက် အာယာနစာပေအဖွဲ့အား တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ချီးမြှင့်ပြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် ရခိုင်မျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးတမ်းအမှတ်တရပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ခေါင်းအုံးရိုက်ပွဲနှင့် ရခိုင်အမျိုးသမီးလွန်ဆွဲပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ




**စစ်တွေ ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ကျရောက်သည့် (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က သာလီစွ ရခိုင်ပြည်နယ် ယိမ်းအကဖြင့် တင်ဆက်ကပြ ဖွင့်လှစ်သည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

ယင်းနောက် စစ်တွေတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဦးဇော်ဝင်းနိုင်က ရခိုင်ပြည်နယ်နေ့ ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၉ ခုနှစ် (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့နှင့်ပတ်သက်ပြီး ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခံရသူများ၊ စာပေထူးချွန်ဆုရရှိသူများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ဝတ္ထု(ပုံပြော)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်ပုံပြောပြိုင်ပွဲတွင် ကျီးဖြူရွှာဝတ္ထုဖြင့် ပထမဆုရရှိသော စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ Grade-6 ကျောင်းသား မောင်ရဲဝဏ္ဏလင်းက ပုံပြင်ပြောပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ စာရေးဆရာများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

နံနက် ၅ နာရီခွဲတွင် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ခိုင်သဇင်ခန်းမ၌ ကျင်းပရာ စစ်တွေမြို့ပေါ်ရှိ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) တွင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များအား ကြည့်ရှုအားပေး



မကွေး ဒီဇင်ဘာ ၁၆

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် ယနေ့ နံနက်ပိုင်းတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) အား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုပဒေသာအကများ၊ တိုင်းရင်းသားရိုးရာအကများ၊ ရုပ်သေးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပွဲတော်အတွင်း ပြသထားသည့် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဉာဏ်စမ်းပဟေဠိအစီအစဉ်၌ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဖျော်ဖြေတင်ဆက်မှုများနှင့် အားကစားရုံအတွင်း အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဆုရရှိသည့်ပြိုင်ပွဲဝင်အသင်းများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း - ဝေလျှံ၊ ဓာတ်ပုံ - ရဲဝင်းနိုင်(ညောင်ဦး)**

# ဟောင်ကောင်ခေါင်းဆောင် ကယ်ရီလမ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင် အပြည့်အဝ ထောက်ခံ

**ပေကျင်း ဒီဇင်ဘာ ၁၆**

ဟောင်ကောင်ခေါင်းဆောင် ကယ်ရီလမ်ကို တရုတ်အစိုးရအနေဖြင့် အပြည့်အဝထောက်ခံကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ မကြာသေးမီက ဒေသန္တရရွေးကောက်ပွဲများတွင် ကယ်ရီလမ်၏ ဟောင်ကောင်အစိုးရ အပြတ်အသတ်ရှုံးနိမ့်မှု၊ ယခုလအစောပိုင်းက ဒီမိုကရေစီထောက်ခံဆန္ဒပြမှုများ ထပ်မံပေါ်ပေါက်ခဲ့ပြီးနောက် သမ္မတ ရှီကျင့်ဖျင်က ဟောင်ကောင်ခေါင်းဆောင်ကို ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ခြောက်လကြာ ဒီမိုကရေစီထောက်ခံဆန္ဒပြပွဲများကြောင့် ရဲတပ်ဖွဲ့နှင့်တင်းမာသည့် ဆန္ဒပြသမားများအကြား အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခြင်း အပါအဝင် ပုံမှန်ပို့ဆောင်ဆက်သွယ်ရေး နှောင့်ယှက်ဖျက်ဆီးခံရခြင်းတို့ကြောင့် ဟောင်ကောင်၏အခြေအနေသည် ဆိုးရွားလျက်ရှိနေဆဲဖြစ်သည်။ ဆန္ဒပြသူများက လူကြိုက်နည်းသည့် ကယ်ရီလမ်ကို ဟောင်ကောင်ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုနေကြသည်။ သို့သော်လည်း ကယ်ရီလမ်သည် တနင်္လာနေ့က တရုတ်နိုင်ငံ ပေကျင်းမြို့သို့ နှစ်ပတ်လည်အစည်းအဝေး တက်ရောက်ရန် သွားရောက်စဉ်အတွင်း တရုတ်ခေါင်းဆောင်များ၏ ထောက်ခံမှုကိုအပြည့်အဝရရှိခဲ့သည်။

ဟောင်ကောင်ဒေသ၏ ယခုကဲ့သို့ ကာလအတွင်း ကယ်ရီလမ်အနေဖြင့် ပြသခဲ့သည့်သတ္တိနှင့် တာဝန်ယူ၊ တာဝန်ခံသည့်စိတ်ကို ဗဟိုအစိုးရကအပြည့်အဝ အသိအမှတ်ပြုကြောင်း၊ ဥပဒေနှင့်အညီ အုပ်ချုပ်ရန်အတွက် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရကို ဦးဆောင်ရန် မိမိတို့က ကယ်ရီလမ်ကို အပြည့်အဝဆက်လက်ထောက်ခံမှုပေးမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ကယ်ရီလမ်ကို ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ဟောင်ကောင်၏ အခြေအနေကိုပူပန်ပေးသည့်အတွက်လည်းကောင်း၊ မိမိတို့ကိုလမ်းညွှန်ပေးသည့်အတွက်လည်းကောင်း၊ ယခုကဲ့သို့ကြီးမားသည့်ပြဿနာကို ကိုင်တွယ်နေသည့် မိမိနှင့်အတူ ဟောင်ကောင်အစိုးရအပေါ် ယုံကြည်မှုနှင့် ထောက်ခံမှုပေးသည့်အတွက်လည်းကောင်း သမ္မတ ရှီကျင့်ဖျင်ကို ကျေးဇူးတင်ကြောင်း ကယ်ရီလမ်က ပြောကြားခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်နှင့်မတွေ့ဆုံမီ ကယ်ရီလမ်သည် တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့်တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် ဝန်ကြီးချုပ် လီခချန်းက ကယ်ရီလမ်၏ အစိုးရသည် ထူးထူးကဲကဲပြင်းထန်ပြီး ရှုပ်ထွေးသည့်အခြေအနေအတွင်း တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် အကောင်းဆုံး ကြိုးစားအားထုတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။



ဟောင်ကောင်ခေါင်းဆောင် ကယ်ရီလမ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံစဉ်။

၎င်းအပြင် ဟောင်ကောင်တွင် တည်ငြိမ်မှုပြန်လည်ရရှိရန်အတွက် ဟောင်ကောင်၏ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်ပြဿနာများနှင့် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခများကို အရှိန်မြှင့်လေ့လာရန် ဟောင်ကောင်အစိုးရကို တောင်းဆိုခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**



# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းမည်

**လန်ဒန် ဒီဇင်ဘာ ၁၆**

နောက်လတွင် ဥရောပသမဂ္ဂမှနုတ်ထွက်ရာတွင် လိုအပ်သော ဥပဒေနှင့်ပတ်သက်၍ စကားစစ်ထိုးပွဲမစတင်မီ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ယခုသီတင်းပတ်အတွင်း အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်ပါတီသည် ဒီဇင်ဘာ ၁၂ ရက်တွင် ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်အတွင်း မဲအများစုအနိုင်ရရှိခဲ့ပြီး အဓိကမဲဆွယ်စည်းရုံးမှုမှာ ဘရက်ဆစ်အရေးဖြစ်သည်။ အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းပြီးပါက ဗြိတိန်ဘုရင်မကြီးက လာမည့် ဒီဇင်ဘာ ၁၉ ရက်တွင် လွှတ်တော်၌ ပြောကြားမည့်မိန့်ခွန်းတစ်ခုအတွင်း အစိုးရ၏မူဝါဒများကို ချမှတ်သွားမည်ဖြစ်သည်။ ယခုသီတင်းပတ်နှောင်းပိုင်းတွင် ဝန်ကြီးချုပ် ဂျွန်ဆင်က ဇန်နဝါရီလမကုန်မီ ဘရက်ဆစ်အရေးပြီးစီးအောင်လုပ်ဆောင်မည့် ၎င်း၏ကတိကဝတ် ပိုမိုပြည့်စုံစေရန် ဥပဒေကြမ်းများအဆိုပြုမည်ဟု မျှော်မှန်းရသည်။

လွှတ်တော်အတွင်း ဝန်ကြီးချုပ် ဂျွန်ဆင်၏ ပါတီက အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းကြောင့် ဥပဒေကြမ်းများအပေါ် စဉ်းစားဆင်ခြင်မှုများကို အဆင်ပြေပြေဆက်လက်လုပ်ဆောင်မည်ဟု မျှော်မှန်းရသည်။ ဘရက်ဆစ် ထွက်ခွာမှုပြီးစီးလျှင် ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂနှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ခုကို စေ့စပ်ညှိနှိုင်းရမည်ဖြစ်သည်။

လာမည့်နှစ်မကုန်မီ လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ မူဘောင်သစ်နှင့်ပတ်သက်၍ အစိုးရက ဥရောပသမဂ္ဂနှင့် စေ့စပ်ညှိနှိုင်းမှုများအဆုံးသတ်မည်ဟု ဘရက်ဆစ်အကျိုးသက်ရောက်မှုဆိုင်ရာ ဝန်ကြီး မိုက်ကယ်ဂိုဗ်က ဒီဇင်ဘာ ၁၅ ရက်တွင် ရုပ်သံသတင်းအစီအစဉ်တစ်ခု၌ ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပန်ကာစက်ရုံမီးလောင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်၌ လူ ၁၀ ဦးထက်မနည်း သေဆုံး

**ဒါကာ ဒီဇင်ဘာ ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏မြို့တော် ဒါကာမြို့အစွန်အဖျားဒေသတွင်တည်ရှိသော ဂါဇီပူရ်မြို့ရှိ ပန်ကာစက်ရုံတစ်ရုံတွင် ယမန်နေ့က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်မီးသတ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါမီးလောင်မှုအားငြိမ်းသတ်ရန် နှစ်နာရီခန့်ကြာကြိုးပမ်းလုပ်ဆောင်ခဲ့ပြီးနောက် မီးလောင်မှုကို ဒေသစံတော်ချိန် ည ၇ နာရီခန့်တွင် အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက ရုပ်အလောင်း ၁၀ လောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် သေဆုံးသူအများစုသည် မည်သူမည်ဝါဖြစ်သည်ကို မခွဲခြားနိုင်လောက်အောင် မီးလောင်ကျွမ်းပြီး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုံသည် အဆောက်အအုံမျက်နှာကြက်တွင် တပ်ဆင်သောပန်ကာများ ထုတ်လုပ်ရန်အသုံးပြုသည့်စက်ရုံတစ်ရုံဖြစ်သည်။ သို့သော် ယင်းမီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို ယခုအထိမသိနိုင်သေးကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မီးဘေးအန္တရာယ်လုံခြုံမှုအခြေအနေညံ့ဖျင်းမှုကြောင့် မီးလောင်မှုများနှင့် မကြာခဏကြုံတွေ့လျက်ရှိသည်။ ၂၀၁၃ ခုနှစ်က မြို့တော်ဒါကာမြို့အပြင်ဘက် ဆာဗာမြို့တွင် အထည်စက်ရုံတစ်ရုံပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၁၁၃၅ ဦး သေဆုံးခဲ့သည်။

ထို့အပြင် ဒီဇင်ဘာ ၁၂ ရက်က ဒါကာမြို့အပြင်ဘက်တွင် တည်ရှိသော တရားမဝင်ပလတ်စတစ်စက်ရုံတစ်ရုံ၌ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦးထက်မနည်း သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများသည် ယနေ့အထိ ဒါကာဆေးဘက်ကောလိပ်ကျောင်းနှင့် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# နယူးဇီလန်ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှုအား စုံစမ်းစစ်ဆေးရန်အချိန်ကြာမြင့်မည်ဟု ဝန်ကြီးချုပ်ပြောကြား

**ဝယ်လင်တန် ဒီဇင်ဘာ ၁၆**

နယူးဇီလန်ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှု ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ဆုတောင်းခဲ့ကြပြီး ဝန်ကြီးချုပ် ဂျန်ဆင်ဒါအာဒန်က ထိခိုက်သေဆုံးခဲ့ရသောသူများ၏ မိသားစုများအနေဖြင့် အဆိုပါဖြစ်ရပ်အတွက် အဖြေရရှိရန် အချိန်ကြာမြင့်လိမ့်မည်ဟု ပြောကြားလိုက်သည်။

လွန်ခဲ့သောရက်သတ္တပတ်က ဖြစ်ပွားခဲ့သော ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှုတွင် နိုင်ငံတကာမှ ခရီးသွား ၁၆ ဦးနှင့် ဧည့်လမ်းညွှန် နှစ်ဦးသေဆုံးခဲ့ပြီး အခြား ၁၈ ဦးမှာကြပ်မတ်ကုသဆောင်တွင် မီးလောင်ဒဏ်ရာများအား ကုသမှုခံယူနေဆဲဖြစ်သည်။ ဝယ်လင်တန်ရှိ ပါလီမန်အဆောက်အဦး၏ အပြင်ဘက်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံကို တိုင်တစ်ဝက်လျှော့ချလွှင့်ထူခဲ့ပြီး ဝန်ကြီးချုပ် ဂျန်ဆင်ဒါအာဒန်က မိမိတို့အနေဖြင့် ထိခိုက်သေဆုံးဒဏ်ရာရသူများ၏ မိသားစုများနှင့် ထပ်တူထိခိုက်ခံစားရကြောင်းပြောကြားခဲ့သည်။ ဗွာကာတာနီမြို့တော်ဝန်က အဆိုပါဖြစ်ရပ်တွင် ထိခိုက်သေဆုံးဒဏ်ရာရသူများ၏ မိသားစုဝင်များအနေဖြင့် အထိမ်းအမှတ်ပွဲပြုလုပ်နိုင်ရန် ကျွန်းဖြူကျွန်းနှင့် အတန်ငယ်ဝေးကွာပြီး လုံခြုံစိတ်ချရသော အကွာအဝေးတွင် စီစဉ်ခဲ့သည်။ သိပ္ပံပညာရှင်များက အဆိုပါကျွန်းရှိမီးတောင်မှာ ပေါက်ကွဲနိုင်သောအခြေအနေတွင်ရှိသည်ဟု သတိပေးထားသော်လည်း ခရီးသွားကုမ္ပဏီများက နိုင်ငံတကာမှခရီးသွားများအား အဘယ်ကြောင့် သွားရောက်ခွင့်ပြုခဲ့သနည်းဆိုသောကိစ္စကို အဖြေရှာရန် အချိန်ယူရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျန်ဆင်ဒါအာဒန်က ပြောကြားသည်။ တာဝန်ရှိသူများအနေဖြင့် စုံစမ်းရေးကိစ္စကို ကောင်းမွန်စွာ ဆောင်ရွက်ရန်နှင့် စဉ်းစားရန်လိုအပ်ကြောင်း ပြောကြားသည်။ နယူးဇီလန်နိုင်ငံ၏ အလုပ်ခွင်ဆိုင်ရာဥပဒေအရ ပေါ့လျော့စွာဆောင်ရွက်မှုကြောင့် အလုပ်ခွင်တွင် လူသေဆုံးပါက သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် နယူးဇီလန်ဒေါ်လာ ၃ သန်း(အမေရိကန်ဒေါ်လာ ၂ သန်း) ကို ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။ အဆိုပါ ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှုတွင် သေဆုံးခဲ့သော သြစတြေးလျနိုင်ငံသားအရေအတွက်မှာ ရှစ်ဦးသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# ဂျပန်ကေရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ၌ အလည်အပတ်ခရီး ရောက်ရှိနေသော ဂျပန်ကေရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဂျပန်ကေရာဇ်၏ ညီမတော် တော်ဝင်မင်းသမီး ယိုကိုနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ကျော်လွင် (စက်မှု)၏ ''သံဝေဂနှင့် သံယောဇဉ် အပါအဝင် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆရာကျော်လွင် (စက်မှု)၏ ဝတ္ထုတို ၁၃ ပုဒ်ပါဝင်ပြီး ၎င်းဝတ္ထုများတွင် အများအားဖြင့် ပြည်သူ့ဝန်ထမ်းများ၏ဘဝကို ဇာတ်ပြု၍ ရေးဖွဲ့ထားကာ စာရေးသူ၏ လူမှုဝန်းကျင်မှ မြင်သိ၊ ကြားသိ၊ ကိုယ်တိုင်သိခဲ့ရသည်များကို ခံစားရေးဖွဲ့ထားသည့်အတွက် ဇာတ်ကောင်များ၏ သက်ဝင်လှုပ်ရှားနေမှုများနှင့်အတူ စာဖတ်ပရိသတ်များကို သုတရောရသပါ ပေးစွမ်းနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ၁၄၀၀ ကျပ်ဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးရှိ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့၌ " ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် " စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အသင်းတော်များမှ ကြီးမှူး၍ တတိယအကြိမ် ကျင်းပမည့် ''ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်'' ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

**မည်သူမဆို ပါဝင်ဆင်နွှဲလို့ရ**

ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာဦးပက်ထရစ်လူနီက "ခရစ္စမတ်ပွဲတော်ကို တစ်ကမ္ဘာလုံးမှာ ကျင်းပကြတယ်။ ခရစ်ယာန်တွေရဲ့ ပွဲတော်ဖြစ်သော်လည်း လူတိုင်းအတွက် ဖြစ်တယ်လို့ ခံယူတဲ့အတွက် မည်သူမဆို ပါဝင်ဆင်နွှဲလို့ရပါတယ်။ အကျွေးအမွေးတွေကိုလည်း လာရောက်သုံးဆောင်နိုင်ပါတယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်။ သန့်ရှင်းသော တြိနတိဘုရားကျောင်းနဲ့ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း နှစ်ခုကလည်း ဖွင့်ထားတဲ့အတွက် မနှစ်ကဆိုရင် ဘာသာဝင်မဟုတ်တဲ့ သူတွေလည်း လာရောက်လေ့လာကြတယ်။ ခရစ္စမတ်ပွဲကို ပါဝင်ဆင်နွှဲကြတယ်။ ခရစ်ယာန်အဆိုတော်တွေတင်မကဘဲ တခြား အဆိုတော်တွေလည်း စတိတ်စင်တွေမှာ လာရောက်ဖျော်ဖြေကြပါတယ်။ ဒီပွဲက ဘာသာလူမျိုးမရွေးပါဘူး" ဟု ပြောသည်။

အဆိုပါ ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ခရစ္စမတ်ပွဲတော်ကျင်းပရေး၊ ဖျော်ဖြေရေး စင်မြင့်များကို ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်တွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ Central ဟိုတယ်နှင့် မျက်နှာချင်းဆိုင်တွင်လည်းကောင်း၊ ဆာကူရာတာဝါနှင့် ဝဇီရာရုပ်ရှင်ရုံရှေ့တွင်လည်းကောင်း၊ Ruby Mart အရှေ့တွင်လည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားရှိခိုးကျောင်းရှေ့တွင် လည်းကောင်း၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဇောနွေလဘုရားကျောင်းရှေ့တွင် လည်းကောင်း၊ သခင်မြပန်းခြံနှင့် အင်းစိန်စော်ဘွားကြီးကုန်းပန်းခြံနေရာ အစရှိသည့် ရန်ကုန်မြို့၏ အထင်ကရနေရာများတွင် ဖျော်ဖြေရေးစင်မြင့်ရှစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။



၂၀၁၈ ခုနှစ် ဒီဇင်ဘာ ခရစ္စမတ်ပွဲတော်ရက်များတွင် မီးရောင်စုံအလှများဖြင့် ပြင်ဆင်ထားသည့် ရန်ကုန်မြို့ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်းအား တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်မင်းလတ်

ထို့အတူ ခရစ္စမတ်ပွဲတော်ကျင်းပရာနေရာနှင့် လမ်းတစ်လျှောက်ရှိ သစ်ပင်များတွင် ရောင်စုံအလှမီးများ ထွန်းညှိသွားမည်ဖြစ်ပြီး စတုဒိသာ ကျွေးမွေးဧည့်ခံခြင်း၊ ပျော်ရွှင်ဝမ်းမြောက်ဖွယ်ရာ ခရစ္စမတ်သီချင်းများ သီဆိုဖျော်ဖြေခြင်း၊ ဘင်ခရာနှင့် ပန်းဖွားအကအလှများ၊ ယိမ်းအကများ၊ ခရစ်ယာန်ဘာသာဝင်များနှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုများဖြင့် ပွဲတော်သုံးရက်တာကာလအတွင်း ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

**တတိယအကြိမ် ကျင်းပ**

ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဝင် ဦးစောချစ်မျိုးက "ခရစ္စမတ်ပွဲတော်ကတော့ မြန်မာတစ်နိုင်ငံလုံး ဘုရားကျောင်းတွေ၊ အသင်းအဖွဲ့တွေ၊ ခရစ်ယာန်တွေရှိတဲ့ အစုအဝေးတော်တော်များများမှာ ပွဲတော်ကျင်းပကြပါတယ်။ ရန်ကုန်မြို့မှာတော့ ရန်ကုန်စီးတီးခရစ္စမတ်ဆိုပြီး ကျင်းပတာ ဒီနှစ်နဲ့ဆို တတိယအကြိမ် ကျင်းပတာပါ" ဟု ပြောသည်။

ရန်ကုန်မြို့ပြ ခရစ္စမတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် ညနေ ၆ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သန့်ရှင်းသော တြိနတိဘုရားကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် ညပိုင်းတွင် ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

# ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် စာရေးဆရာများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်နေသည့် "တန်ဖိုးရှိသောအသက်များ ကယ်တင်ကြပါစို့" အသိပညာပေးအစီအစဉ်တွင် မေတ္တာဖြင့် ကူညီသရုပ်ဆောင်ပေးခဲ့ကြသော စာရေးဆရာများနှင့် အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatriumဟိုတယ်၌ ကျင်းပသည်။

"ပညာပေးဆိုတဲ့ အစီအစဉ်ကလွှာလာလို့ရှိရင် ဘာနဲ့ပတ်သက်တဲ့ပညာပေးပဲဖြစ်ဖြစ် နားထောင်ပြီးတော့ လိုက်နာကျင့်သုံးမယ်ဆိုရင် မိမိဘဝအတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း အင်မတန်လုံခြုံမှုကိုပေးတဲ့အတွက် စိတ်ဝင်တစား လိုက်နာ နားထောင်စေချင်ပါတယ်"ဟုအသိပညာပေးအစီအစဉ်တွင် မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည့် စာရေး ဆရာမောင်သွေးသစ်က ပြောသည်။

အသိပညာပေးအစီအစဉ်တွင် မေတ္တာဖြင့် ကူညီသရုပ်ဆောင်ပေးခဲ့ကြသော စာရေးဆရာများနှင့် အနုပညာရှင်များဖြစ်ကြသည့် ဆရာချစ်ဦးညို၊ ဆရာမောင်သွေးသစ်၊ ဆရာသုတစိုး၊ အကယ်ဒမီနေတိုး၊ အာဇာနည်၊ နေဝင်း (Snare)၊ သင်ဇာဝင့်ကျော်နှင့် နီနီခင်ဇော်တို့အား အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

အသိပညာပေးအစီအစဉ်ဖြစ်မြောက်ရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့နှင့်အတူ စီစဉ်ဆောင်ရွက်ခဲ့သည့် မြန်မာကွန်ဆာသယကုမ္ပဏီမှ Marketing မန်နေဂျာ ကိုဝေယံဘိုက "အနုပညာရှင်တွေကနေတစ်ဆင့် ပြည်သူတွေကို ယာဉ်အန္တရာယ်နဲ့ ပတ်သက်လို့ ဖြစ်တတ်တဲ့ သဘောသဘာဝလေးတွေကို ဂရုစိုက်နိုင်အောင် မီးမောင်းထိုးပြလိုက်တဲ့ အစီအစဉ်လေးပါ။ သူတို့ချစ်တဲ့ အနုပညာရှင်တွေကပြောလိုက်တဲ့စကားတစ်ခွန်းကိုသာမန်လူပြောတဲ့ စကားထက် ပိုစိတ်ဝင်တစား လိုက်နာကြပါတယ်။ အဲဒီအတွက် ဒီအစီအစဉ်လေးကများစွာအကျိုးရှိပါတယ်"ဟုပြောသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ၂၀၀၅ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အမြန်လမ်းမကြီးအရှည်မှာ ၃၆၆ ဒသမ ၃ မိုင်ရှိပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးလေးခု၊ ခရိုင်ကိုးခု၊ မြို့နယ် ၁၆ မြို့နယ်နှင့် လမ်းဘေးဝဲ/ယာရှိ ကျေးရွာပေါင်း ၁၅၆ ရွာတို့ ဆက်စပ်ပါဝင်ကြောင်း၊ ရန်ကုန်-မန္တလေးသို့ အချိန်တိုအတွင်းရောက်ရှိနိုင်ရန်အတွက် အမြန်လမ်းမကြီးအား ဖောက်လုပ်ထားခြင်းဖြစ်၍ လမ်းမကြီးတစ်လျှောက် လမ်းလုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ရည်ရွယ်ပြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့အား ၂၀၁၂ ခုနှစ် မေလ ၂၀ ရက်တွင် စတင်ဖွဲ့စည်းကာ နယ်မြေလုံခြုံမှုရှိရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသောပြစ်မှုများအားစုံစမ်းစစ်ဆေး တရားစွဲတင်နိုင်ရေးစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



အေးမင်းသူ

# မူဆယ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၁၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ လားရှိုး-မူဆယ်သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ် အနီးတွင် လိုကြားလျှန်းမောင်းနှင်လာသောယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၃၁၂၀ တန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၆ ကီလို၊ စိတ်ကြွဆေးပြား ၁၂၀၀၀၀နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လိုကြားလျှန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



လိုကြားလျှန်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# ဆီဆိုင်နှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၁၉ ဒသမ ၅ ဧကခန့် ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၆**
ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင် ပန်အွန်းကျေးရွာ၏ တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့်တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၃ ဧကခန့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ပန်လျှန်းကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ အနီးတစ်ဝိုက်၌ အမြင့် ခြောက်လက်မခန့်ရှိ ဖူးဖြိုးဆဲဘိန်းစိုက်ခင်း ၆ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# သံဖြူဇရပ်၌ ထော်လာဂျီယာဉ် တိမ်းမှောက်၊ နှစ်ဦးသေ

**သံဖြူဇရပ် ဒီဇင်ဘာ ၁၆**
မွန်ပြည်နယ်သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်အရှေ့ဘက် နှစ်မိုင်ခန့်ရှိ သာသနာ ၂၅၀၀ စေတီ တောင်တက်လမ်းဘေး ရော်ဘာခြံတွင် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီခန့်က ယာဉ်တစ်စီးတိမ်းမှောက်ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုသတင်းအရ သံဖြူဇရပ်မြို့မရဲစခန်းမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ကြပ် ဇော်မျိုးနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယာဉ်မောင်းအောင်ခိုင် ဖောင်စိန်ရပ်ကွက်နေသူ မောင်းနှင်ပြီး ချစ်စိန် (ယာဉ်ပိုင်ရှင်)နှင့် အောင်သန်း(လိပ်စာတူ)တို့ လိုက်ပါလာသည့် ထော်လာဂျီယာဉ်သည် ဖောင်စိန်စေတီသို့ သဲများပို့ဆောင်ပြီး ပြန်အဆင်းတွင် ဂီယာပြုတ်ပြီး အရှိန်လွန်ကာ လမ်းအရှေ့ဘက်ရော်ဘာခြံအတွင်း တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအောင်ခိုင်နှင့် အောင်သန်းတို့တွင် ဒဏ်ရာများရရှိကာသေဆုံးခဲ့ပြီး ချစ်စိန်မှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိပြီး သံဖြူဇရပ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

# ဗန်းမောက်မြို့နယ်၌ ဘိန်းမဲများဖမ်းမိ

**စစ်ကိုင်း ဒီဇင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နန်းဇားကျေးရွာအတွင်းမှ ဘိန်းမဲများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီခန့်တွင် ဗန်းမောက်မြို့နယ် လိပ်စောနယ်မြေ ရဲကင်းစခန်းမှူး ဦးစီးသောအဖွဲ့သည် ဗန်းမောက်မြို့နယ် နန်းဇားကျေးရွာ ညောင်ကုန်းရပ်နေ ဒေါ်တင်မေ၏ နေအိမ်တွင် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်း အတွင်း အမှိုက်ပုံတွင် သိုဝှက်ထားသော ဝါးပလိုင်းအတွင်းမှ ဘိန်းမဲ ၂၄၄ ဒသမ ၉၅ ဂရမ်အား ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဒေါ်တင်မေအား ဗန်းမောက်မြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**



# မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**
ရွှေပြည်သာမြို့နယ် (၂၇)ရပ်ကွက်ရှိ အလက(၁) ကျောင်းရှေ့တွင် မှုခင်းကျဆင်းရေးပြခန်းယာဉ်ဖြင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင်၊ လှော်ကားနယ်မြေ ရဲစခန်းမှူး ရဲအုပ်စိန်အောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လူကုန်တားရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့တို့ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်က မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးနွယ်၊ ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသား ၆၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း (ရွှေပြည်သာ)**

# သထုံမြို့ ရွှေစာရံဘုရားလိပ်ကန်အတွင်း ဝင်ရောက်ငါးဖမ်းသူ အမျိုးသားတစ်ဦးသေဆုံး

**သထုံ ဒီဇင်ဘာ ၁၆**
မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရား လိပ်ကန်အတွင်း ဒီဇင်ဘာ ၁၅ ရက် ညနေ ၃နာရီခွဲက ငါးဖမ်းပိုက်များဖြင့် သထုံမြို့ ဂျိုးဖြူရေခဲစက်လမ်းနေ ရဲဝင်းထွန်း(ခ)အငယ်လေးမှာ အရက်သောက်ပြီး ငါးတားဖမ်းဆီးရင်း ပိုက်နှင့်ခြေထောက်ချိတ်မိကာ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ရဲဝင်းထွန်း(ခ)အငယ်လေး၏ ရုပ်အလောင်းအား သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းထွန်းနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ဆယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ပလမြို့၌ ရော်ဘာမှိုင်းခံရာမှ မီးလောင်မှုဖြစ်

**ပလ ဒီဇင်ဘာ ၁၆**
တနင်္သာရီတိုင်းဒေသကြီး ပလမြို့ မင်းပြင်ကျေးရွာတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက ရော်ဘာမှိုင်းခံထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုအား ပလမြို့နယ်မြေမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးသူရိန်စိုးဦးဆောင်၍ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် သန္နေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်၂၀ နှင့် ဒေသခံတို့က မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ရော်ဘာပိဿာချိန် ၄၀ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**ထူးဝေယံ(ပြန်/ဆက်)**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ပန်ဆန်းမြို့နယ်များတွင် ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာဖရိကဝက်အပြင်းဖျားရောဂါ ကင်းရှင်းမှုအခြေအနေကို သိရှိနိုင်ရန်အတွက် ရောဂါစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) ဝက်များတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့် အများပြည်သူစားသုံးရန် သားသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကျိုတိုမှ ပေးစာများ – ၇

## (ကျိုတိုတစ်နေ့တာ ခရီးစဉ်)

■ အောင်အောင် IR

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျိုတိုမြို့၌ နေထိုင်သော စာရေးသူထံ ဧည့်သည် နှစ်ဦး သီးခြားရောက်ရှိလာပါသည်။ တစ်ဦးမှာ မြန်မာနိုင်ငံမှ ယခင်လုပ်ဖော်ကိုင်ဖက်ဟောင်း နိုင်ငံခြားသား မိတ်ဆွေတစ်ဦးဖြစ်ပြီး နောက်တစ်ဦးမှာ အမေရိကန်နိုင်ငံတွင် နေထိုင်သော စာရေးသူ၏ညီ ဖြစ်ပါသည်။

နှစ်ဦးစလုံးမှာ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ကြခြင်းဖြစ်ပြီး ဂျပန်နိုင်ငံရောက်ရှိခိုက် စာရေးသူရှိရာ ကျိုတိုမြို့သို့ လာရောက်ကြခြင်း ဖြစ်သည်။ တစ်ဦးမှာ နိုင်ငံခြားသားဖြစ်ပြီး တစ်ဦးမှာ မြန်မာဖြစ်သော်လည်း စာရေးသူအဖို့ နှစ်ဦးစလုံးမှာ မြန်မာနိုင်ငံမှ လာရောက်ကြသည်ဟု သာ ခံစားရပါသည်။ စာရေးသူ အောက်တိုဘာလတွင် ကျိုတိုမြို့သို့ ရောက်ရှိပြီးနောက် စာရေးသူထံ ပထမဆုံးလာရောက်လည်ပတ်ကြသော ဧည့်သည်နှစ်ဦးလည်း ဖြစ်ပါသည်။ သူတို့နှစ်ဦးထံမှ ကျိုတိုသို့လာရောက်မည့် နေ့ရက်များ အတိအကျ ရရှိပြီးသည့်နောက် သူတို့နှစ်ဦးအတွက် တစ်ရက်တာ ခရီးစဉ်များကို သီးခြားရေးဆွဲဖြစ်ခဲ့သည်။ အဆိုပါ တစ်ရက်တာခရီးစဉ်မှာ စာရေးသူနေထိုင်သည့် အဆောင်အနီးဝန်းကျင်နှင့် စာရေးသူ လုပ်ကိုင်သည့် ရုံးအနီးဝန်းကျင်တွင် ခြေကျင် လမ်းလျှောက်ရောက်ရှိနိုင်သည့် အကွာအဝေးအတွင်း တည်ရှိသော ထင်ရှားသည့် အဆောက်အဦများအား လည်ပတ်ရန် အခြေပြု ရေးဆွဲထားခြင်းဖြစ်သည်။

စာရေးသူ လက်ရှိနေထိုင်သော ကျိုတိုတက္ကသိုလ်၏ အိုကာဇာကီအဆောင်ဝန်းကျင်နှင့် လက်ရှိအလုပ်လုပ်နေသော ကျိုတိုတက္ကသိုလ်၏ အရှေ့တောင်အာရှဒေသ လေ့လာရေးစင်တာဝန်းကျင်မှာ သစ်ပင်ပန်းမန်များ၊ ချောင်း၊ မြောင်းများဖြင့် သာယာလှပဆွဲဆောင်မှုရှိပြီး အနားဝန်းကျင်တွင်လည်း ကျိုတိုမြို့၏ နာမည်ကြီး သမိုင်းဝင် အဆောက်အဦ အများအပြားတည်ရှိပါသည်။ သို့ဖြစ်ရာ အိမ်အနား၊ ရုံးအနားဟု ဆိုသော်လည်း တစ်နေ့တာခရီးစဉ်မှာ အကြားအလပ်မရှိ နံနက်မှ ညနေအထိ အချိန်ပြည့် ဖြစ်ပါသည်။

ခရီးစဉ်မှာ ဤသို့ ဖြစ်သည်။ နံနက် ရှစ်နာရီခွဲခန့်တွင် စာရေးသူနေထိုင်သော အဆောင်အနီး ငါးမိနစ် လမ်းလျှောက် အကွာအဝေးရှိကျိုတိုမြို့အား စတင်တည်ထောင်သူ ဖြစ်သော ဂျပန်နိုင်ငံ၏ မင်းဆက် ၅၀ မြောက် ဘုရင်ဧကရာဇ် ကန်မူ (Emperor Kanmu) နှင့် ကျိုတိုမြို့တွင် နောက်ဆုံးစိုးစံအုပ်ချုပ်ခဲ့သည့် ဂျပန်နိုင်ငံ၏ မင်းဆက် ၁၂၁ ဆက်မြောက် ဘုရင်ဧကရာဇ် ခိုမဲ့ (Emperor Komei) တို့အား ရည်စူးကိုးကွယ်သည့် ဟေးရန်ဂျင်းဂုနတ်ကွန်း (Heian Jingu Shrine) ရှေ့တွင် ဆုံတွေ့ကြမည် ဖြစ်သည်။



ဟေးရန်ဂျင်းဂုနတ်ကွန်း



နန်ဇန်ဂျိဘုရားကျောင်း

ဟေးရန်ဂျင်းဂု နတ်ကွန်းဆိုလျှင် ကျိုတိုတွင် လူတိုင်းသိပါသည်။ ထို့နောက် နတ်ကွန်းအတွင်း ဝင်ရောက်လေ့လာကြမည် ဖြစ်သည်။ နတ်ကွန်းမှာ သမိုင်းကြောင်းအရ မရှည်ကြာလှသော်လည်း ကျိုတိုမြို့သမိုင်း၏ ထင်ရှားလှသော ဂျပန်ဘုရင်နှစ်ပါးအား ရည်စူးထားရှိရာနေရာဖြစ်သဖြင့် ကျိုတိုမြို့တွင် အထူး ထင်ရှားလှပါသည်။ နတ်ကွန်းအတွင်းသို့ အခမဲ့ ဝင်ရောက်နိုင်ပြီး အတွင်းရှိ ပန်းဥယျာဉ်သို့ ဝင်ရောက်လေ့လာပါက ဝင်ကြေးပေးရပါသည်။ ထို့နောက် နတ်ကွန်းမှ စာရေးသူနေထိုင်သည့် အိုကာဇာကီအဆောင်အခန်း ၃၀၁ သို့ သွားရောက်လည်ပတ်မည် ဖြစ်သည်။ အဆောင်၏သုံးလွှာတွင်တည်ရှိသော အခန်းဝရန်တာမှ အဆောင်ရှေ့ရှိ သာမောဖွယ် တူးမြောင်းရေကန်နှင့် ရေကန်အနီး ရာသီကာလအလိုက် ဖူးပွင့်နေသော ပန်းရောင်စုံနှင့် ဝေဆာနေသော သစ်ပင်များကို ရှုစားကြမည် ဖြစ်သည်။ ထို့နောက် အဆောင်အတွင်း အနည်းငယ် လိုက်လံကြည့်ရှုမည် ဖြစ်သည်။ (အဆောင်တာဝန်ခံထံ သတင်းပို့ပြီး ဖြစ်ပါသည်)။

ထို့နောက် အဆောင်မှ အနီးအနားရှိ ဂျပန်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း (Myodenji–temple) သို့ သွားရောက်လေ့လာကြမည် ဖြစ်သည်။ ကျောင်းဝင်းမှာ မည်သူမဆိုအခမဲ့ ဝင်ရောက်နိုင်ပြီး ဝင်းအတွင်း အပင်များ အနီးတွင် သပ္ပာယ်လှသော စကျင်ကျောက်သား မတ်တတ်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါသည်။ စာရေးသူ အလုပ်အသွားတွင် တစ်ခါတစ်ရံ ဝင်ရောက်ဖူးမြော်လေ့ရှိပါသည်။ ကျောင်းဝင်းအတွင်း အတန်အသင့် ကြီးမားသော ဂျပန်သင်္ချိုင်းတစ်ခုရှိပြီး ထိုသင်္ချိုင်းနှင့် ကပ်လျက်တည်ရှိနေသည်မှာ စာရေးသူ၏ အဆောင် ဖြစ်ပါသည်။ ထိုမှ ဟေးရန်နတ်ကွန်းဘက်ဆီ ပြန်သွားကာ နတ်ကွန်းမှ ၁၅ မိနစ်ခန့် လမ်းလျှောက်ရသော နန်ဇန်ဂျိဘုရားကျောင်း (Nanzenji Temple) သို့ သွားရောက်လေ့လာမည် ဖြစ်သည်။



ဂင်ခခုဂျိဘုရားကျောင်း



အဲကန်ဒိုဘုရားကျောင်း

နန်ဇန်ဂျိဘုရားကျောင်းမှာ ကျိုတိုမြို့၏ သမိုင်းဝင် ဘုရားကျောင်းတစ်ခုဖြစ်ပြီး ကျောင်းဝင်းအတွင်း မြင့်မားခံ့ထည်လှသော ရှေးဟောင်းနှစ်ထပ် ဘုရားကျောင်းအဆောင်ကြီး တစ်ဆောင်နှင့် လှပသော ပန်းဥယျာဉ်တစ်ခု ရှိပါသည်။ ဘုရားကျောင်းဝင်းအတွင်း ဝင်ကြေးမှာ ပေးရန်မလိုသော်လည်း ကျောင်းဝင်းအတွင်းရှိ အဆောင်ကြီးသို့ ဝင်ကြေးမှာ ယန်း ၅၀၀ ပေးရပြီး ပန်းဥယျာဉ် ဝင်ကြေးမှာ ယန်း ၅၀၀ ထပ်မံပေးရပါသည်။

ထို့နောက် နန်ဇန်ဂျိဘုရားကျောင်းအနီး ၁၀ မိနစ်ခန့် လမ်းလျှောက်ရသော ထို့ထက်များစွာ သာယာလှပသော အဲကန်ဒိုဘုရားကျောင်း (EikandoZenrin–Ji Temple) သို့ သွားရောက်ကြပါမည်။ အဲကန်ဒိုဘုရားကျောင်းမှာမူ အတွင်းသို့ဝင်သည်နှင့် ဝင်ကြေး ယန်း ၁၀၀၀ ပေးရပါသည်။ သို့သော် အဲကန်ဒိုသို့ သွားရောက်လည်ပတ်ရသည်မှာ တန်လှပါသည်။ အတွင်းတွင် အခြားကမ္ဘာတစ်ခုသို့ ရောက်ရှိသွားသည့်အလား အင်မတန်သာယာလှပပါသည်။

စာရေးသူတို့ သွားရောက်ချိန်မှာ ဆောင်းဦးကာလ နိုဝင်ဘာလဖြစ်သဖြင့် ပန်းများအရောင်မျိုးစုံဖြင့် ဝေဆာနေချိန်မို့လည်း ဖြစ်ပါလိမ့်မည်။ ဂျပန်နိုင်ငံတွင် ပုံမှန်အားဖြင့် နတ်ကွန်းများ၊ ဘုရားကျောင်းများ ဝင်းအတွင်းသို့ ဝင်ရောက်ပါက ဝင်ကြေးမပေးရသော်လည်း အတွင်းရှိ အချို့သော အဆောက်အဦများ၊ ပန်းဥယျာဉ်အများစုမှာ ဝင်ကြေးပေးရသည်ဖြစ်ရာ ဝင်ကြေးငွေ ချွေတာလိုပါက အကြံပြုလိုသည်မှာ နန်ဇန်ဂျိတွင် ပန်းဥယျာဉ်ရှိသော်လည်း အနီးရှိ အဲကန်ဒိုမှာ ပိုမိုသာယာသဖြင့် နန်ဇန်ဂျိပန်းဥယျာဉ်သို့ ဝင်ရောက်မည့်အစား ပိုမိုကြီးမားဆွဲဆောင်မှုရှိသည့် အဲကန်ဒိုပန်းဥယျာဉ်သို့ ဝင်ရောက်လေ့လာရန် ဖြစ်သည်။ အဲကန်ဒိုဝင်ကြေးတွင် ဘုရားကျောင်း၊ ပန်းဥယျာဉ်ဝင်ကြေးအားလုံး ပါဝင်ပြီး ဖြစ်ပါသည်။ နန်ဇန်ဂျိတွင် ကျောင်းဝင်းအတွင်းနှင့် ဝင်ကြေးပေးရသော နှစ်ထပ်ကျောင်းဆောင် အပေါ်ထပ်သို့ သွားရောက်လေ့လာနိုင်ပါသည်။

ထို့နောက်စာရေးသူတို့ အဲကန်ဒိုဘုရားကျောင်းမှ စာရေးသူ၏ အလုပ်တည်ရှိရာ သုတေသနစင်တာသို့ လမ်းလျှောက် ပြန်လာပါမည်။ နာရီဝက်ခန့် လျှောက်ရပါသည်။ စာရေးသူ အလုပ်ရုံးခန်းတည်ရှိရာ စင်တာရှိ ပင်မအဆောက်အဦ ဒုတိယထပ် အခန်းအမှတ် ၂၀၃ သို့ သွားရောက်လည်ပတ်ပါမည်။ ထို့နောက် စင်တာရှိ စာကြည့်တိုက်သို့ သွားရောက်လေ့လာပြီး စာကြည့်တိုက် ပထမထပ်ရှိ (ဒေါ်) အောင်ဆန်းစုကြည် အမှတ်တရ ကွန်နာသို့လည်း သွားရောက်ကြည့်ရှုပါမည်။

အဆိုပါနေရာနှင့် စာကြည့်တိုက်အတွင်းမှာတော့ ဓာတ်ပုံရိုက်ကူးခွင့်မရှိပါ။ ရုံးနှင့် စာကြည့်တိုက်တို့ထံ စာရေးသူ၏ မိတ်ဆွေများ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း အကြောင်းကြားထားပြီး ဖြစ်ပါသည်။ ထို့နောက် အလုပ်အနီးရှိ တက္ကသိုလ် ကင်န်တင်းတွင် နေ့လယ်စာ သွားရောက်စားသောက်ကြပါမည်။ ထို့နောက် ရုံးအရှေ့မျက်စောင်းထိုးတွင်တည်ရှိသော သာယာလှပသည့် မြစ်ကမ်းပါးတစ်လျှောက် အနီးဝန်းကျင်အား သွားရောက်လေ့လာပါမည်။ မြစ်အတွင်းတစ်နေရာတွင် မြစ်ဖြတ်ကူးကျောက်တုံးအစီအရီဖြင့် အထူးပင်ဆွဲဆောင်မှုရှိလှပြီး တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသည်များပင် တကူးတကလာရောက်ကြည့်ရှုလေ့ရှိသည့်နေရာ ဖြစ်သည်။

### လေ့လာမှတ်သားစရာ များစွာရှိ

ထိုမှ နောက်ထပ် ၁၅ မိနစ်ခန့် လျှောက်ရသော ကျိုတိုဘုရင့်နန်းတော်ဟောင်း (Kyoto Imperial Palace) သို့ သွားရောက်လေ့လာပါမည်။ ရှေးနှစ်ရာပေါင်းများစွာတည်တံ့ခဲ့ပြီး ဂျပန်မင်းဆက်ပေါင်းများစွာ စိုးစံခဲ့သည့် အဆိုပါနန်းတော်တွင် လေ့လာမှတ်သားစရာ များစွာရှိပါသည်။ နန်းတော်ဝင်ကြေးမှာ အခမဲ့ဖြစ်ပါသည်။



ကျိုတိုဘုရင့်နန်းတော်ဟောင်း

နန်းတော်မှာ ကျယ်ဝန်းလှသော ကျိုတိုဘုရင့် အမျိုးသားပန်းဥယျာဉ် (Kyoto Gyoen National Garden) အတွင်း၌ တည်ရှိသည်ဖြစ်ရာ နန်းတော်မှအပြန် အဆိုပါဥယျာဉ်ကြီးအတွင်း အချိန်ဖြုန်းနိုင်ပါသည်။ ထို့နောက် နန်းတော်မှ မိနစ် ၂၀ ခန့် လျှောက်ရသော ကျိုတိုတက္ကသိုလ် (ပင်မ) (Kyoto University–Main Campus) သို့ သွားရောက်လေ့လာပါမည်။ (စာရေးသူ၏ အလုပ်မှာ ကျိုတိုတက္ကသိုလ်၏ အခြား ပရဝုဏ်တစ်ခုဖြစ်သော တက္ကသိုလ်ဆေးရုံပရဝုဏ်တွင် တည်ရှိပါသည်)။

စာမျက်နှာ ၁၆ သို့ ●

# အထည်ချုပ်စက်ရုံသစ်ဖွင့်လှစ်၍ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ

**ဒေးဒရဲ ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် တော်ကျိုက်ကျေးရွာ ဒေးဒရဲတောင်ကွင်းရှိ Jeong Ho International Company Limited (Garment Factory) အထည်ချုပ်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထည်ချုပ်စက်ရုံ လာရောက်ဆောက်လုပ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး အလုပ်အကိုင်ဖန်တီးရေးကို ဆောင်ရွက်ရာရောက်သဖြင့် မိမိမြို့နယ်ရှိ အခြေခံလူတန်းစားများ၏ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာကြောင်း၊ အလုပ်ရှားပါးသည့်ပြဿနာများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိမိသားစုနှင့် မခွဲခွာရဘဲ အလုပ်အကိုင်များရရှိလာပြီး စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

Jeong Ho International Company Limited (Garment Factory) အထည်ချုပ်စက်ရုံ တာဝန်ရှိသူတစ်ဦးက စက်ရုံတည်ဆောက်မှုအပိုင်း၊ စမ်းသပ်လည်ပတ်မှုအပိုင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အထည်ချုပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အထည်ချုပ်စက်ရုံသစ်ဖွင့်လှစ်မှုနှင့် ပတ်သက်၍ Jeong Ho International Company Limited (Garment Factory) မှ HR မန်နေဂျာ ဒေါ်မြင့်မြင့်မော်က ၂၀၁၈ ခုနှစ်မှစတင်၍ စက်ရုံလုပ်သား၅၀ ဖြင့် စတင်စမ်းသပ်လည်ပတ်ခဲ့ကြောင်း၊ ၂၀၁၉ ယခုနှစ်တွင် စက်လိုင်း ငါးလိုင်းမှ ၁၀ လိုင်းအထိ တစ်လိုင်းလျှင် လုပ်သား ၃၀ ဖြင့် လုပ်သား ၃၀၀ ခန့်ဖြင့် စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ ဒုတိယနှစ်တွင် စက်လိုင်းများထပ်မံတိုးချဲ့ပြီး လုပ်သား ၇၀၀ အထိ အလုပ်အကိုင်ထပ်မံရရှိနိုင်မည်ဖြစ်ကြောင်း နောက်သုံးနှစ်အတွင်း လုပ်သားဦးရေ ၃၀၀၀ ခန့်အလုပ်အကိုင်အခွင့်လမ်းရရှိနိုင်မည့် အထည်ချုပ်စက်ရုံသစ်တစ်ရုံ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်းနှင့် ယခုအထည်ချုပ်စက်ရုံမှ အာရှနိုင်ငံများသို့ အဝတ်အထည်မျိုးစုံကို ချုပ်လုပ်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - ခရိုင်(ပြန်/ဆက်)**

**ဓာတ်ပုံ - အောင်ဝင်းနိုင်၊စိုးမင်းဦး**



● **စာမျက်နှာ ၁၅ မှ**

ကျိုတိုတက္ကသိုလ် (ပင်မ)တွင် လည်ပတ်ကြည့်ရှုပြီးနောက် တက္ကသိုလ်စားသောက်ဆိုင်တွင် ညစာစားကြပါမည်။ ဤတွင် တစ်နေ့တာ ခရီးစဉ်ပြီးဆုံးပါမည်။ ရန်ကုန်မှ စာရေးသူ၏ နိုင်ငံခြားသားမိတ်ဆွေ လာရောက်လည်ပတ်သည့်အခါ အဆိုပါခရီးစဉ်အတိုင်း ပို့ဆောင်ပေးခဲ့ပါသည်။ (ကျိုတိုတက္ကသိုလ်သို့မူ သွားရောက်လည်ပတ်ခြင်းမရှိခဲ့ပါ)

### သွားရောက်လေ့လာကြ

စာရေးသူ၏ ညီ လာရောက်လည်ပတ်သည့်အခါ အဆိုပါ ခရီးစဉ်အပြင် အဲကန်ဒိုဘုရားကျောင်းမှအပြန်တွင် စာရေးသူ၏ အလုပ်ရှိရာသို့မသွားဘဲ အနီးရှိ နာမည်ကျော် သာယာလှပသည့် ဖီလော်ဆော်ဖီလျှောက်လမ်း (Philosopher’s Path)မှတစ်ဆင့် နာရီဝက်ခန့် လမ်းလျှောက်ပြီး ကျိုတိုမြို့၏ နာမည်ကျော် ယူနက်စကိုအသိအမှတ်ပြု ဂင်ခခုဂျိဘုရားကျောင်း (Ginkakuji Temple) (Silver Pavilion) သို့ သွားရောက်လေ့လာကြပါသည်။

စာရေးသူ၏ ညီဖြစ်သူနှင့် လည်ပတ်ချိန်တွင် ခရီးစဉ်အတွင်း လေ့လာရေး ဖီလော်ဆော်ဖီလျှောက်လမ်းနှင့်ဂင်ခခုဂျိဘုရားကျောင်း အစီအစဉ်နှစ်ခုတိုးလိုက်သည့်အတွက် ကျိုတိုနန်းတော်သို့ မရောက်ရှိဖြစ်တော့ဘဲ တက္ကသိုလ်ကင်န်တင်းများတွင် ဝင်ရောက်စားသောက်မည့်အစား လမ်းတစ်လျှောက် ဂျပန်စားသောက်ဆိုင်များတွင် နေ့လယ်စာ၊ ညနေစာ စားသောက်ဖြစ်ခဲ့သည်။

ဧည့်သည်များ မလာရောက်မီ လိုအပ်ပါက စာရေးသူ၏ အဆောင်အနီး တည်းခိုနေထိုင်နိုင်ရန် အနီးဝန်းကျင်ရှိ ဈေးနှုန်းသက်သာသော တည်းခိုခန်းများဆီသို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ အဆောင်အနီး ၁၀ မိနစ်ခန့် လမ်းလျှောက်ရပြီး ကျိုတိုတက္ကသိုလ်နှင့် နီးစပ်သည့် ဧရိယာတွင် တည်ရှိသောGuest House Waraku-An သို့ အခန်းခ သွားရောက်မေးမြန်းရာ အခွန်အခများ အပါအဝင် တည်းခိုခ ပျမ်းမျှ တစ်နေ့ ယန်း ၄၀၀၀ နီးပါး ကျသင့်ပါမည်။ သီးသန့်အခန်းရမည်မဟုတ်ဘဲ အခန်းတစ်ခန်းတွင် လိုက်ကာများခြားလျက် တစ်နေရာစာ အိပ်စက်ရမည်ဖြစ်သည်။ အိမ်သာ၊ ရေချိုးခန်းမှာ စုပေါင်းဖြစ်ပြီး တည်းခိုခတွင် နံနက်စာ မပါဝင်ပါ။ အဆိုပါ တည်းခိုခန်းအား အတွင်းသို့ ဝင်ရောက် လေ့လာကြည့်ရာ အထူးပင် ဂျပန်ဆန်လှပြီး သန့်ရှင်းသပ်ရပ်လွန်းလှပါသည်။ ပုံမှန် ဂျပန်နိုင်ငံတွင် ဈေးနှုန်းသက်သာသော ကျောတစ်နေရာစာ တည်းခိုခန်းများမှာ ယန်း ၂၀၀၀ မှ ၃၀၀၀ ခန့် ပေးရပါသည်။ အခန်းခဈေးနှုန်းမှာ လာရောက်လည်ပတ်သည့် အချိန်ကာလအပေါ်တွင်လည်း မူတည်ပါသည်။

### ဆေးတောင့်ပုံစံ အခန်းငယ်လေးများ

ထို့အပြင် စာရေးသူအဆောင်မှ ၁၅ မိနစ်ခန့် လျှောက်ရသော အခြားတစ်နေရာရှိ မြို့ထဲဧရိယာနှင့် နီးသော Cabin Inn သို့ ဝင်ရောက်လေ့လာရာ ကပ်ဆူးဟိုတယ် (Capsule Hotel) အမျိုးအစားဖြစ်သည်ကို တွေ့ရသည်။ ကပ်ဆူးဟိုတယ်အမျိုးအစားဆိုသည်မှာ အခန်းတစ်ခုအတွင်း ဆေးတောင့်ပုံစံ အခန်းငယ်လေးများတွင် လူတစ်ကိုယ်စာ အိပ်စက်ရခြင်းဖြစ်သည်။ အတွင်းသို့ဝင်ရောက်လေ့လာကြည့်ရှုရာ အခန်းကျယ်ကြီးတစ်ခုတွင် နှစ်ထပ်အိပ်စင်များ ထည့်သွင်းထားပြီး အပေါ်၊ အောက် နှစ်တန်း၊ မျက်နှာချင်းဆိုင်တွင် အပေါ်၊ အောက် နှစ်တန်း စုစုပေါင်း လေးတန်း၊ တစ်တန်းလျှင် ဆေးတောင့်သဖွယ် အခန်းငယ် ၁၅ ခန်းခန့် စုစုပေါင်း ဆေးတောင့်အခန်းငယ် ၆၀ ခန့် စုပေါင်းထားသည့် စုပေါင်းအခန်းကြီးတစ်ခုအဖြစ် တွေ့ရသည်။

အခန်းအရေအတွက်မှာ မျက်မြင်ဖြစ်သော်လည်း ခန့်မှန်းဖြစ်ပါသည်။ ဆေးတောင့်အခန်းတစ်ခုချင်းစီအတွင်း ဂျပန်စတိုင် ဂွမ်းကပ်မွေ့ရာနှင့် အိပ်ရာဝင်ပစ္စည်း အပြည့်အစုံပါရှိပြီး ပစ္စည်းထည့်သိမ်းဆည်းရန် နေရာငယ်နှင့် နံရံတွင် တီဗွီအသေးတစ်လုံး တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။ တစ်ဦးချင်းအခန်းတံခါးများ သီးသန့်မရှိဘဲ လိုက်ကာများဖြင့်သာ ကာရံထားပါသည်။ ခရီးဆောင်အိတ်များကြီးမားပါက စုပေါင်းအခန်းအပြင်တွင် အပ်နှံထားရမည်ဖြစ်သည်။

တည်းခိုစဉ်တွင် မျက်နှာသုတ်ပဝါ၊ ကိုယ်သုတ်ပဝါ၊ သွားတိုက်တံ၊ သွားတိုက်ဆေး အစရှိသည်တို့ အခမဲ့ပေးသည်ဟု သိရသည်။ နံနက်စာ မပါဝင်သော်လည်း လက်ဖက်ရည်၊ ကော်ဖီ အခမဲ့ သောက်သုံးနိုင်သည်ဟု ဆိုသည်။ အများသုံး အိမ်သာ၊ ရေချိုးခန်းများသို့ ဝင်ရောက်လေ့လာရာ ခေတ်မီအိမ်သာ၊ ရေချိုးခန်းများဖြစ်ပြီး အထူးပင် သန့်ရှင်းသပ်ရပ်လှပါသည်။ အခန်းခဈေးနှုန်းမှာ အမျိုးအစားအပေါ် မူတည်ပြီး ကွဲပြားကာ အနည်းဆုံးအခန်းခမှာ အခွန်အခ အပါအဝင် ယန်း ၃၀၀၀ ခန့် ကျသင့်မည်ဟု ဆိုသည်။

ဆိုခဲ့သလို အချိန်ကာလနှင့် ဈေးနှုန်းချသည့်ကာလများအပေါ်တွင်လည်း မူတည်ပါလိမ့်မည်။ Cabin Inn တွင် ဝင်ရောက်ကြည့်ရှုလေ့လာရင်း စာရေးသူ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်သို့ သွားရောက်လည်ပတ်စဉ် တည်းခိုခဲ့သည့် တည်းခိုခန်းအခင်းအကျင်းကို သတိရမိသည်။ ထိုစဉ်က တည်းခဲ့ရသည့် အခန်းမှာ အပေါ်၊ အောက် နှစ်ထပ်အိပ်စင် သုံးစင်ရှိပြီး တစ်ခါတည်းလျှင် ခြောက်ဦးတစ်ပြိုင်တည်း တည်းနိုင်ပါသည်။ အိပ်စင်များမှာ အပွင့်ဖြစ်သဖြင့် ကိုယ်အိပ်သည့်နေရာမှ အခြားအိပ်စင်များကို မြင်နေရပြီး အမျိုးသား၊ အမျိုးသမီးလည်း ခွဲခြားမထားပေ။ ယခု Cabin Inn ကပ်ဆူးဟိုတယ်အမျိုးအစားမှာ ပိုမိုလုံခြုံ၊ နွေးထွေးမှုရှိသည်ဟု ခံစားရသည်။ ညဘက်ယောင်တတ်ပါက အကြီးအကျယ် ပြဿနာတက်ပါလိမ့်မည်။

ဤဆောင်းပါးရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအနေဖြင့် ကျိုတိုမြို့ တစ်နေ့တာ လမ်းလျှောက်ခရီးစဉ် တစ်ခုအား မြင်သိမှန်းဆနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် စာရေးသူအနေဖြင့် ဤကျိုတိုမြို့တွင် ဧည့်သုတေသီအဖြစ် ခြောက်လကြာ ရောက်ရှိနေသည်ဖြစ်ရာ များစွာလွတ်လပ်ပေါ့ပါးလှပါသည်။ ဆရာမဟုတ်သဖြင့် အတန်းဝင်စာပြရန်မလိုသလို ကျောင်းသား မဟုတ်သဖြင့် အတန်းသွား ကျောင်းတက်ရန်လည်း မလိုအပ်ပါ။ ကိုယ်ရေးသားရမည့် စာတမ်းအား အချိန်မီ ပြီးစီးရန်သာဖြစ်သဖြင့် အချိန်ပြည့် စာရေးသားခြင်း၊ စာဖတ်ခြင်း၊ ဗဟုသုတလေ့လာခြင်းတို့ကို လုပ်ဆောင်ရန်သာ ဖြစ်ပါသည်။ ထို့အပြင် နေထိုင်သည့်နေရာနှင့် လုပ်ကိုင်သည့်နေရာများအနီးတစ်ဝိုက် လမ်းလျှောက် အကွာအဝေးအတွင်း လည်ပတ်လေ့လာစရာများစွာရှိသည့်အတွက် ရခဲလှသော အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ (စာရေးသူနှင့် သိသူ၊ မသိသူ မည်သူမဆို) စာရေးသူ ကျိုတိုမြို့တွင် ဧည့်သုတေသီအဖြစ် ရှိနေစဉ်ကာလအတွင်း ကျိုတိုမြို့သို့ လာရောက်လည်ပတ်ခြင်းအံ့။ အထက်ပါခရီးစဉ်များအတိုင်း သွားလိုသည့် နေရာများသို့ နေ့တစ်ဝက် သို့မဟုတ် တစ်နေ့တာ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးပါမည်။ ။

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများ ကျင်းပ

**မိုင်းပျဉ်း**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းပျဉ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဒေါ်မေမွန်ထွဋ်က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ လွတ်လပ်ရေးအကြောင်းသိကောင်းစရာများကို ဟောပြောပြီး ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မိုင်းပျဉ်း(ပြန်/ဆက်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့က ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများတွင် ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**ကလိန်အောင်**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အထက်တန်းအဆင့်အနေဖြင့် "လွတ်လပ်ရေး၏ အရသာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်အနေဖြင့် "မမေ့အပ်သော လွတ်လပ်ရေးနေ့" ခေါင်းစဉ်ဖြင့် လည်းကောင်း အ.ထ.က-ကလိန်အောင်မှ ကျောင်းသား ကျောင်းသူ ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**မိုးမိုးခိုင် (ကလိန်အောင်)**

**ပဲခူး**

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ဝက်ပါလမ်းရှိ အမှတ်(၇)ချမ်းမြေ့ဇေယျာ ဓမ္မစကူးတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပသည်။

မုန့်စား၊ ဖားခုန်၊ အပြေး၊ အာလူးကောက်၊ ဆန်ကောရွက်၊ သုံးချောင်းထောက်၊ ဘောလုံး၊ ထုပ်ဆီးတိုး စသည့်အားကစားနည်းများကို ပျော်ရွှင်စွာယှဉ်ပြိုင်ကစားကြသည်။

၎င်းအပြင် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ခံတွင်းနှင့် သွားရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်စန်းက ဓမ္မစကူးကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



ရန်ကုန်မြို့ အလုံမြို့နယ်အတွင်း မှုခင်းများမဖြစ်ပွားရေး မူးယစ်နှင့် သက်ငယ်မုဒိမ်းမှုများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒီဇင်ဘာလပထမအပတ်တွင် အလုံမြို့မစခန်းမှူး ဒုတိယရဲမှူးကျော်ဇင်ထိုက်က တပ်ဖွဲ့ဝင်များအား စခန်းမှမထွက်ခွာမီ လုပ်ငန်းဆိုင်ရာများကို မှာကြားနေစဉ်။

တင်မောင်ဦး(အလုံ)

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကျင်းပခြင်းကြောင့် ဈေးကွက်အသစ်များ ထပ်မံပေါ်ပေါက်

**မူဆယ် ဒီဇင်ဘာ ၁၆**

(၁၈)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲကို တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ရွှေလီမြို့ ကျင်ရှင်ကျောက်မျက်ရတနာနှင့် သစ်ထွက်ပစ္စည်းများ ယဉ်ကျေးမှုစင်တာတွင် ဒီဇင်ဘာ ၁၀ ရက်မှစတင်ကျင်းပခဲ့ပြီး ပြခန်းပေါင်း ၅၀၀ ကျော်နှင့် ကုန်ပစ္စည်းအမျိုးအစား ၂၀၀၀ ကျော်တို့ကို ခင်းကျင်းပြသသည်။

မြန်မာနိုင်ငံဘက်မှ ပြခန်းပေါင်း၅၃မျိုး ခင်းကျင်းပြသပြီး ဒေသထွက်ကုန်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကခင်းကျင်းပြသ၍ တရုတ်နိုင်ငံဘက်မှ စက်မှုပစ္စည်များနှင့် အခြားကုန်ပစ္စည်းမျိုးစုံတို့ကို ခင်းကျင်းပြသသည်။

"ကျွန်တော်တို့နိုင်ငံဘက်က လယ်ယာထွက်ကုန်တွေကို အဓိကပြသနေတာပါ။ မြန်မာနိုင်ငံရဲ့အဓိကစီးပွားရေးဟာ လယ်ယာထွက်ကုန်တွေကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းဖြစ်နေတဲ့အတွက်ကြောင့် လယ်ယာထွက်ကုန်တွေကို တစ်ဖက်နိုင်ငံ တရုတ်နိုင်ငံမှာ လာရောက်ပြသရခြင်းဖြစ်ပါတယ်"ဟု လယ်ယာထွက်ကုန်ကို အဓိကပြသရခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (NSSCCI)ဥက္ကဋ္ဌ ဦးစိုင်းဘိုဘိုက ပြောသည်။

ထို့ပြင် (၁၈)ကြိမ်မြောက် မြန်မာ-တရုတ်ကုန်စည်ပြပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ ရုရှား၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဂါနာနှင့် ကွန်ဂိုစသည့် နိုင်ငံများလည်း မိမိနိုင်ငံအလိုက် ကုန်ပစ္စည်းများကို လာရောက်ပြသကြသည်။

(၁၈)ကြိမ်မြောက် မြန်မာ-တရုတ် ကုန်စည်ပြပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများတွေ့ဆုံပွဲ၊ ကုန်သွယ်စီးဆင်းမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်အတွက် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံ ပူးပေါင်းတွေ့ဆုံဆွေးနွေးပွဲနှင့် မြန်မာ-တရုတ်ကုန်သည်ကြီးများတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

မြန်မာ-တရုတ်ကုန်စည်ပြပွဲကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသည် နှစ်စဉ်နှစ်တိုင်း ပိုမိုတိုးတက်လာပြီး ဈေးကွက်အသစ်များ ထပ်မံပေါ်ပေါက်လာသည်။ နယ်စပ်ဒေသမှ မြန်မာ-တရုတ်ကုန်သွယ်မှုသည် ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်ပြီး ဒေသအတွင်းထွက်ရှိသည့် ကုန်ပစ္စည်းများကိုပြသနိုင်ခြင်းကြောင့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်မှ တင်ပို့ကုန်အများစုသည် ဆန်၊ ပြောင်း၊ သကြား၊ ဖရဲ၊ သခွားမွှေးနှင့် အခြားကုန်ပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်မှုရှိနေကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာသန်း၅ဒသမ ၉ ဘီလီယံခန့်ရှိပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နယ်စပ်ကုန်သွယ်မှု ယခင်နှစ်ထက်ပိုမိုတိုးမြင့်လာကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို တစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပလျက်ရှိပြီး မူဆယ်မြို့နှင့် ကျယ်ဂေါင်-ရွှေလီမြို့တို့တွင် တစ်လှည့်စီပြုလုပ်ခြင်းဖြစ်သည်။ ယခုပြုလုပ်သည့် ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပခြင်းဖြစ်သည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**




## ဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် သက်ကြီးဆရာသမားများပူဇော်ပွဲ၊ အသက် ၈၀ နှင့်အထက် အသင်းသားဝန်ထမ်းဟောင်းကြီးများ ကန်တော့ပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲအတွက် အလှူရှင် ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)က အလှူငွေကျပ် ၁၅သိန်းကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရှမ်းကန် (ရွှေဘဲ) စားတော်ဆက်တွင် ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံ)နှင့် အမှုဆောင်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**



## ပန်းဆိုးတန်း-ဒလ ကူးတို့ချယ်ရီရေယာဉ်ပေါ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ ကျော် ရပ်တည်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများ၏ ကျန်းမာရေးကူညီထောက်ပံ့မှုအသင်းက ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းရှိ ချယ်ရီကူးတို့ရေယာဉ်ပေါ်၌ ကျင်းပရာ ကန်တော့ခံ ၁၀၂ နှစ်ရှိ သက်ကြီးအဘိုးတစ်ဦး ပါဝင်ကြောင်း သိရသည်။

ထိုနေ့ ကန်တော့ပွဲတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်း အသက် ၈၅ နှစ်မှ ၁၀၂ နှစ်အကြား သက်ကြီးအဘိုး ၂၆ ဦးကို တစ်ဦးလျှင် ငွေကျပ်၅၀၀၀၀အပြင် ကန်တော့ပစ္စည်းများဖြင့် ကန်တော့ပွဲလာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများက ကန်တော့ခဲ့ကြောင်း သိရသည်။

**မြင့်စိုး**

## ထရန်စဖော်မာ လှူဒါန်း

**ပင်းတယ ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ကျုံးကျေးရွာအုပ်စု ကုန်းစောင်းကျေးရွာ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းမိသားစုက 11/0.4KV 2000KVA ထရန်စဖော်မာ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ယခုလှူဒါန်းတပ်ဆင်ပေးသည့် ထရန်စဖော်မာသည် ကျုံးကျေးရွာအုပ်စုရှိလက်ပံပင်ကျေးရွာနှင့် ကုန်းစောင်းကျေးရွာ လျှပ်စစ်မီးလိုအပ်မှုကြောင့် လှူဒါန်းရခြင်းဖြစ်သည်။ ပင်းတယမြို့နယ်တွင် ကျေးရွာပေါင်း ၁၃၇ ရွာရှိရာ ၈၂ ရွာ လျှပ်စစ်မီးရရှိပြီဖြစ်၍ ၅၀ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိပြီဖြစ်သဖြင့် ကျန်ရှိသည့်ကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိစေရန် ကြိုးစားလျက်ရှိကြောင်း ပြောကြားသည်။

ကျုံးကျေးရွာအုပ်စုရှိကျေးရွာခုနစ်ရွာတွင်လျှပ်စစ်မီးရရှိပြီဖြစ်ပြီး ယခုတပ်ဆင်လှူဒါန်း ပေးသည့် 11/0.4 KV 2000 KVA ထရန်စဖော်မာအတွက် စုစုပေါင်းကုန်ကျငွေမှာ ၁၈၅ သိန်းဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### ပန်း ၁၀ မျိုး အနုပညာထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

စတုတ္ထအကြိမ်မြောက် အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာပန်း ၁၀ မျိုး လက်မှုအနုပညာ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးတွင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အခမဲ့ စမ်းသပ်ခွဲစိတ် ကုသပေးမည်

မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဂျပန်နိုင်ငံမှ မျက်စိရောဂါအထူးကုဆရာဝန်ကြီး Professor Hattori Tadashi သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မျက်စိအတွင်းတိမ်ရောဂါလူနာများအား စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

### ဆွေးနွေးပွဲ ကျင်းပမည်

The Logistics of Education and Education of Logistics အခမဲ့ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စာဖတ်ဝိုင်း ကျင်းပမည်

ဆရာမဒေါ်မမနိုင် (မန္တလေးရုပ်သေး) ၏ ပုခက်လွှဲသောလက်မှသည် စာအုပ်အားရေးသူဖတ်သူဆွေးနွေးမည့် စာဖတ်ဝိုင်းကို မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မာရသွန်ပွဲ ကျင်းပမည်

ပျော်ရွှင်ကျန်းမာဆင်လို့နွဲ မန်းတောင်ရိပ်က မာရသွန်ပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဟောပြောပွဲ ကျင်းပမည်

Learning to LEAD-Mandalay ခေါင်းစဉ်ဖြင့် အခမဲ့ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အေး အဆိုမွမ်းမံသင်တန်း ဖွင့်လှစ်မည်

စွယ်စုံရအဆိုပညာရှင် (ဒေါ်)မာမာအေးကိုယ်တိုင် သင်ကြားပို့ချမည့် အေးအဆိုမွမ်းမံသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့ အသင်းတိုက်ခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



လက်မှုပညာရပ်ဖြင့် ထင်ရှားကျော်ကြားသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ဘိုးဘွားအမွေအနှစ် လက်မှုပညာအဖြစ် ကမ္ဘာသိထင်ရှားကျော်ကြားသည့် ကျောက်သင်ပုန်း၊ ကျောက်တံလုပ်ငန်းအား ပြည်တွင်း ပြည်ပမှ ဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ် ကြည့်ရှုလေ့လာလျက်ရှိသည်ကို ဒီဇင်ဘာ ၁၅ ရက်က တွေ့မြင်ရစဉ်။

မောင်ယဉ်ကျေး

## ဂန့်ဂေါမြို့နယ် ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေး

**ဂန့်ဂေါ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာတင်ဇာမင်း၊ ပခုက္ကူခရိုင်တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန် ဒေါက်တာဆုမွန်ဝေတို့ ဦးဆောင်သည့် ဆေးကုသမှုအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း ဂန့်ဂေါမြို့နယ် မောက်ရွာ၊ ဟံသာဝတီရွာ၊ တောင်ခင်ရန်းရွာ၊ ရှုံးရှီရွာနှင့် ကျောမြို့တို့ရှိ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ(ဂန့်ဂေါ)**

# ကြိတ်ကြိတ်တိုးစည်ကားခဲ့သည့် မကွေးမြို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်



**မကွေး ဒီဇင်ဘာ ၁၆**

မကွေးတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးရက်ဖြစ်သည့် တတိယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား လူငယ်များ၊ ဒေသခံပြည်သူများ ရည်ရွယ်ချက်ကိုယ်စီဖြင့် တက်ကြွပျော်ရွှင်စွာ အားပါးတရ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

**တပျော်တပါး ပါဝင်ဆင်နွှဲ**

ယနေ့သည် ပွဲတော်ကျင်းပသည့် နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ ကျောင်းသား ကျောင်းသူများသာမက မကွေးမြို့ပေါ်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ ပြည်သူများပါ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြပြီး သုတ၊ ရသနှင့် နည်းပညာရပ်ဆိုင်ရာ ပြသထားသည့် ပြခန်းအသီးသီးတွင် ဝင်ရောက်လေ့လာကြည့်ရှုခြင်း၊ စာပေဆိုင်ရာနှင့်အသိပညာဟောပြောပွဲများတွင် ဝင်ရောက်နားထောင်ဆွေးနွေးခြင်း၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် အားကစားဆိုင်ရာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ တိုင်းရင်းသားရိုးရာ သရုပ်ဖော်အကများကို လေ့လာကြည့်ရှုခြင်း၊ ပုံတူပန်းချီရေးဆွဲခြင်း၊ ပန်းပုလက်တွေ့ထုဆစ်ခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပွဲတော်သို့လာရောက်သည့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ပြသထားသည့် အသိပညာပေးပြခန်းများ၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ပြသထားသည့် မူခင်းကျဆင်းရေး အသိပညာပေးပြခန်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များက ပြသထားသည့် ဘာသာရပ်ဆိုင်ရာပြခန်းများ၊ မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီပြခန်းများနှင့် ထူးချွန်ထင်ရှား မကွေးတိုင်းသားများပြခန်းများတွင်လည်း အထူးစိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

"ဒီပွဲတော်မှာ ကျွန်တော်တို့ဌာနက သိမ်းဆည်းထားရှိတဲ့ ရှားပါးပစ္စည်းတွေနဲ့ ဘူမိဗေဒရဲ့အခြေခံသဘောတရားကို သိရှိစေဖို့ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ အများဆုံးတွေ့ရတဲ့ မီးသင့်ကျောက်၊ အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်တွေကို ခင်းကျင်းပြသထားတဲ့အပြင် မကွေးတိုင်းဒေသကြီးမှာ တွေ့ရတဲ့ ကျောရိုးရှိသတ္တဝါတွေရဲ့ အရိုးစုတွေကို ပြသထားပါတယ်။ ပွဲတော်ကို လာရောက်ကြတဲ့ ကျောင်းသား ကျောင်းသူတွေသာမက ဆရာ ဆရာမတွေပါ စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုပြီး မေးမြန်းမှတ်သားကြတာတွေ့ရတဲ့အတွက် အားရကျေနပ်မိပါတယ်။ ဒီနေ့ ပွဲတော်နောက်ဆုံးရက်မှာ လာရောက်ကြတဲ့ ကျောင်းသားလူငယ်တွေ၊ ဒေသခံပြည်သူတွေနဲ့ တက္ကသိုလ်ထဲမှာ ကြိတ်ကြိတ်တိုးစည်ကားနေတာကို တွေ့ရတဲ့အတွက် အနာဂတ်မှာ အတွေးအမြင်သစ်တွေ ဝေဆာပွင့်လန်းမယ့် ရောင်စုံပန်းခင်းကြီးကို မြင်တွေ့ရသလို ပျော်ရွှင်ကြည်နူးမှုကို ခံစားရပါတယ်"ဟု မကွေးတက္ကသိုလ် ဘူမိဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဦးဝင်းလွင်သိန်းက ပြောသည်။

**အသိပညာတွေ အများကြီးရရှိ**

ပွဲတော်သို့ ရေနံချောင်းဒီဂရီကောလိပ်မှ လာရောက်ပါဝင်ဆင်နွှဲသည့် ဒုတိယနှစ်ကျောင်းသား မောင်ဟိုးဟိုးကျော်ကလည်း "ဒီပွဲတော်ကို လာခဲ့တာ တက္ကသိုလ်ကျောင်းရှေ့ကို ရောက်ကတည်းက လူအုပ်ကြီးနဲ့ စည်စည်ကားကားဖြစ်နေတာကို တွေ့ရတဲ့အတွက် အံ့ဩဝမ်းသာမိတယ်။ ပြသထားတဲ့ပြခန်းတွေမှာလည်း ကျွန်တော်တို့ မမြင်တွေ့၊ မသိရှိခဲ့ဖူးတဲ့ လေ့လာစရာ၊ အတုယူအားကျစရာ အသိပညာတွေ အများကြီးရရှိခဲ့တယ်။ ဒီလိုပွဲတော်မျိုးကို ကျွန်တော်တို့ မကွေးမြို့မှာ လာရောက်ကျင်းပပေးတာ ကျွန်တော်တို့ ကျောင်းသားလူငယ်အားလုံးအတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိခဲ့ပါတယ်"ဟု ပြောသည်။

ပွဲတော်သို့ လာရောက်ကြသူများသည် မွန်းလွဲပိုင်းတွင် တက္ကသိုလ်ဝင်းအတွင်း အစုအဖွဲ့လိုက် စုပေါင်း၍ ထမင်းလက်ဆုံစားခြင်း၊ ဂိမ်းကစားခြင်း၊ မြန်မာ့အသံခေတ်ပေါ်တီးဝိုင်းနှင့် နိုင်ငံကျော်အဆိုတော်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ အဆိုရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များတွင် ဝင်ရောက်ကြည့်ရှုခံစားခြင်း၊ စာအုပ်အရောင်းဆိုင်များတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူခြင်းများဖြင့် ပွဲတော်၏အနှစ်သာရကို အပြည့်အဝခံစားကာ ပွဲတော်နောက်ဆုံးရက်ကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြသည်။

သတင်း-မင်းထက်အောင်(မန်းကိုယ်ပွား)
ဓာတ်ပုံ-ရွှေကိုလေး၊ ဟိန်းမင်းစိုး

## လူငယ်တွေနဲ့ ဆွေးနွေးရမယ်ဆိုရင်လည်း ကောင်းတာတွေကိုပဲ ပေးသွားချင်ပါတယ် ခြူးလေး (သရုပ်ဆောင်)

**မကွေး ဒီဇင်ဘာ ၁၆**

**ဂျေမောင်မောင် (အဆိုတော်)**

မကွေးလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စီစဉ်ပေးတဲ့အတွက်လည်း အများကြီးကောင်းပါတယ်။ လူငယ်တွေရဲ့ နောက်နေ့တွေအတွက် အကြံဉာဏ်တိုးတက်ပြီး ဒီကတစ်ဆင့် အသိအမြင်၊ ဗဟုသုတတွေအားလုံး ကြွယ်ပါစေလို့ ဆုတောင်းပါတယ်။ ဒီမှာ ပရိသတ်နဲ့ နီးနီးကပ်ကပ် ဖျော်ဖြေခွင့်ရတဲ့အတွက် ပျော်ပါတယ်။ ငယ်ရွယ်စဉ်ကနေ အခု အသက်အရွယ်ရောက်လာတဲ့အထိ ပန်းခင်းတဲ့လမ်းတော့ မဟုတ်ခဲ့ဘူး။ ရှိတဲ့သူလဲ ရှိတာပေါ့။ ဒါပေမယ့် တချို့တွေလည်း သိပ်ပြီးမချောမွေ့တဲ့ လမ်းတွေရှိတာပေါ့။ ကြုံလာနိုင်တယ်။ အဲဒီလိုကြုံလာတဲ့အချိန်မှာ အရေးကြီးတာက စိတ်ဓာတ်ပါ။ “စိတ်ဆောင်အောင်သည်”ပေါ့နော်။ အခက်အခဲ၊ အကျပ်အတည်းတွေ ဘယ်လိုပဲရှိရှိ၊ ကိုယ့်စိတ်ကို အောင်မြင်အောင်ကြိုးစားမယ်ဆိုရင် အားလုံးအောင်မြင်ပါတယ်။

**ခြူးလေး (သရုပ်ဆောင်)**

ဒီပွဲမှာ ရင်ခုန်တာကတော့ သူတို့ ဘာမေးမလဲဆိုပြီး ရင်ခုန်ပါတယ်။ ခြူးလေးတို့ကလဲ ကိုယ့်ရဲ့အတွေ့အကြုံ ကိုယ်တကယ်ဖြတ်သန်းလာရတာတွေကို ပြောပြရမှာဖြစ်တဲ့အတွက် ဒါမျိုးက ပထမဦးဆုံးဆိုတော့ စိတ်လှုပ်ရှားပါတယ်။ အဓိကကတော့ ဘဝမှာ ရည်ရွယ်ချက်ပန်းတိုင်ကို ဘယ်လိုမျိုး ရင်ဆိုင်ကျော်လွှားပြီးတော့ ကောင်းတဲ့အခက်အခဲတွေရော၊ မကောင်းတဲ့အခက်အခဲတွေရော ဘယ်လိုမျိုးဖြတ်သန်းမလဲဆိုတာမျိုး မေးမယ်ထင်ပါတယ်။ ခြူးလေးတို့အတွက် ဒီလိုမျိုးပဲ ဖြေဖို့ရှိတာပေါ့။ အနည်းဆုံး လူငယ်တွေကို Message ပေးနိုင်တဲ့ ဇာတ်ကားမျိုးလေးတွေပဲ ကြိုးစားပြီး ရိုက်နေတယ်။ အခုလိုမျိုး လူငယ်တွေနဲ့လာပြီး ဆွေးနွေးရမယ်ဆိုရင်လည်း ကောင်းတာတွေကိုပဲ အများကြီးပေးသွားချင်ပါတယ်။ ဒါကလည်း သူတို့မေးတဲ့ အပေါ်မှာပဲ မူတည်တာပေါ့နော်။ **အကောင်းဆုံးကတော့ ဘဝကို ဘယ်တော့မှအရှုံးမပေးဘဲ အကောင်းဆုံးလျှောက်လှမ်းဖို့ မှာချင်ပါတယ်။**

**မောင်ကျော်ကျော်ဇင် (အ.ထ.က (၂) တောင်တွင်းကြီးမြို့နယ်)**

ကျွန်တော့်အနေနဲ့ တီထွင်ဆန်းသစ်မှုပြခန်းတို့၊ အနုပညာပြခန်းတို့နဲ့ တခြားပြခန်းတွေကို လိုက်လေ့လာနေပါတယ်။ နည်းပညာပြပွဲ၊ အင်္ဂလိပ်စကားပြောပြိုင်ပွဲနဲ့ ဖျော်ဖြေပွဲတွေကို သဘောကျပါတယ်။ မကွေးမှာ ဒီပွဲကို လာကျင်းပတော့ ကျွန်တော်တို့လူငယ်တွေအတွက် ဗဟုသုတရတယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားကျောင်းသူတွေအတွက် တက္ကသိုလ်ဆိုတာ တစ်ချိန်ကျရင် တက်ရမယ့်နေရာပါ။ အဲဒါကို ကြိုတင်လေ့လာခွင့်ရတဲ့



ဂျေမောင်မောင် (အဆိုတော်)



ခြူးလေး (သရုပ်ဆောင်)



မောင်ကျော်ကျော်ဇင်



မမေသံစဉ်မှူး



မောင်ပြည့်ဖြိုးဝေ



မဆုနန္ဒာလွင်

အတွက် ဂုဏ်လဲယူပါတယ်။ ဝမ်းလည်းသာပါတယ်။ သူငယ်ချင်းတွေ အများကြီးနဲ့ဆုံရလို့လည်း ပျော်ပါတယ်။ မလာရသေးတဲ့ သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာသင့်တယ်လို့ ပြောချင်ပါတယ်။ လမ်းစရိတ်လည်း အများကြီးမကုန်လို့ ဗဟုသုတရတဲ့အတွက် လာသင့်ပါတယ်။ ဒီပွဲကို မကွေးတိုင်းဒေသကြီးမှာ ကျင်းပပေးတဲ့အတွက် ဂုဏ်ယူပါတယ်။ လာရောက်လေ့လာရလို့လည်း ပျော်ပါတယ်။

**မမေသံစဉ်မှူး (ဒသမတန်း၊ ပညာရဲရင့်ကိုယ်ပိုင်အထက်တန်းကျောင်း(ကုန်းဇောင်း))**

ကျွန်မအနေနဲ့ ပြထားတဲ့ပြခန်းတွေထဲမှာ ရူပဗေဒပြခန်းကို စိတ်ဝင်စားပါတယ်။ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကိုလည်း စိတ်ဝင်စားပါတယ်။ မကွေးတိုင်းဒေသကြီးမှာ လာရောက်ကျင်းပတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီလိုပွဲကို ပထမဆုံးလာဖြစ်တာပါ။ လူငယ်တွေအတွက် ရည်ရွယ်ကျင်းပတဲ့ပွဲဖြစ်တဲ့အတွက် ဗဟုသုတလည်းရတယ်။ ကိုယ်တိုင်လည်း လေ့ကျင့်လို့ရတယ်။ သမီးတို့ဆို စာတွေ့ပဲရှိတယ်။ လက်တွေ့ကနည်းတယ်။ ဒီမှာ လက်တွေ့တွေများတဲ့အတွက် ဝမ်းသာပါတယ်။ မလာရသေးတဲ့ သူငယ်ချင်းတွေအတွက် ပြောချင်တာက လူငယ်တွေအတွက် လုပ်တဲ့ပွဲဖြစ်တဲ့အတွက် ဗဟုသုတရတာကြောင့် လာရောက်ကြည့်သင့်ပါတယ်။ တက္ကသိုလ်မှာ လုပ်တဲ့ပွဲဖြစ်တဲ့အတွက် တက္ကသိုလ်ကြီးကိုလည်း လေ့လာခွင့်ရတယ်။ မကွေးတိုင်းဒေသကြီးမှာ ပထမဆုံးကျင်းပတာဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီးကလူတွေ လာရောက်လေ့လာသင့်ပါတယ်။ လူငယ်တွေဆိုတာ စာတွေ့ချည်းပဲ မဟုတ်ဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ ဒါကြောင့် ဒီပွဲကို လာရောက်လေ့လာသင့်ပါတယ်။ မသိသေးတာအများကြီးကိုလည်း သိရတဲ့အတွက်ကြောင့် လာကြည့်ဖို့ဖိတ်ခေါ်ပါတယ်။

**မောင်ပြည့်ဖြိုးဝေ (ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တတိယဆုရ သူနာပြုအသင်းခေါင်းဆောင်) သူနာပြုဒီပလိုမာ (တတိယနှစ်)၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(မကွေး)**

ခြင်းလုံးကို နေ့တိုင်းကစားဖြစ်တယ်။ ပြိုင်ပွဲအနေနဲ့ဆိုရင် ဒါပထမဦးဆုံးပါ။ အခုပွဲဟာ အတော်ထူးခြားပါတယ်။ အရင်တုန်းက ပြိုင်ပွဲတွေနဲ့ မတူဘူး။ လုံခြုံရေးကအစ အားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးထားတယ်။ ဘေးဘက်မှာဆိုရင်လည်း လူငယ်အားကစားသမားတွေ တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနေကြတယ်။ ဘေးနားမှာ စပွန်ဆာပေးထားတဲ့ အအေးဘူးတွေကအစ အားလုံးဟာ အရာရာပြောစရာမရှိပါဘူးခင်ဗျာ။

တတိယဆုရတဲ့အတွက် ဝမ်းသာသာပေါ့။ ကျွန်တော်တို့ဆီမှာ ယောကျ်ားလေးအင်အားနည်းတယ်။ နည်းပေမယ့် တတိယဆုဆိုတဲ့ အဆင့်တစ်ခုရခဲ့တယ်။ တကယ်တမ်းတော့ ဒီလိုမတွေးထားဘူး။ ဒီလိုရလိုက်တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ အားလုံးကလည်း အားပေးကြတယ်ခင်ဗျာ။

ကျွန်တော်ဆို ဒီလူငယ်ဘက်စုံပွဲတော်မှာ တစ်ခါတည်းသာပါဝင်ရသေးတယ်။ တကယ်လုပ်တဲ့သူ တကယ်အခွင့်အရေးရှိပါလားပေါ့နော်။ လူငယ်တွေကိုလည်း ပြောချင်ပါတယ်။ တကယ်ကြိုးစားပါ။ အခွင့်အရေးနည်းတယ်လို့ မထင်ပါနဲ့။ **ကိုယ်ကိုယ်တိုင်ရွက်ပုန်းသီးဆိုတာ အခုနိုင်ငံတော်ကလည်း ရှာဖွေနေပါတယ်။ အဲဒီအတွက်လည်း ကျေနပ်မိပါတယ်။ အားကစားကို ကိုယ်ဝါသနာပါရင် တစ်ယောက်တည်းလည်း ကစားပါ။ အချိန်တန်ရင် ကိုယ်နဲ့ ထိုက်တန်တဲ့အရာတစ်ခုက ရောက်လာမှာပါ။**

**မဆုနန္ဒာလွင် (စိုက်ပျိုးရေးသိပ္ပံ-တတိယနှစ်၊ ပွင့်ဖြူမြို့နယ်)**

သမီးတို့ကျောင်းနဲ့ မတူတာတွေ အများကြီးရှိတော့ ဗဟုသုတတွေ တော်တော်ရတယ်။ ပြထားတာတွေကလည်း တကယ်ကိုစိတ်ဝင်စားဖို့ကောင်းတယ်။ ကိုယ်မသိတာတွေ တောင်မှ သိရတယ်။ ဘာလို့လဲဆိုတော့ ပြထားတာတွေထဲမှာ စက်တွေက အံ့ဩဖို့လည်းကောင်းတယ်။ ကိုယ်တောင် မတီထွင်နိုင်ဘူး။ သူတို့က တီထွင်နိုင်တယ်။ သူတို့ကို အားလည်းကျတယ်။ သဘောလည်းကျတယ်။ နောက် စက်ပစ္စည်းတွေအပြင် ကွန်ပျူတာတွေလည်း အစ်မတွေ၊ အစ်ကိုတွေက ပြထားတယ်။ ကိုယ့်ကျောင်းမှာ ဒီလိုမျိုးတွေ မရှိဘူး။ **ကိုယ်သာကျောင်းမှာပဲနေပြီး မလာဖြစ်ခဲ့ရင် ဒီလိုတွေ သိရမှာလည်း မဟုတ်ဘူး။ ဒီလိုလူတွေအများကြီးနဲ့ သွားတဲ့အခါမှ သိခဲ့ရတယ်။ အဲဒီအတွက် အလွန်ကိုပီတိဖြစ်ရပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ပွဲကိုကျင်းပပေးလို့ ကျေးဇူးလည်း တင်ပါတယ်။**

အားကစားဘက်ကိုလည်း စိတ်ဝင်စားပါတယ်။ ငယ်ငယ်ကတည်းက ဝပြီးအမောမခံနိုင်ဘူး။ ဒါပေမယ့် သူများကိုကြည့်ပြီး အားကျနေရတယ်။ နောက်ကျရင် ပြိုင်လည်း ပြိုင်ချင်တယ်။ အားပေးရတာလည်း အလွန်ဝါသနာပါတယ်။

**တွေ့ဆုံမေးမြန်း-ဆုမြတ်၊ စိမ့်စိမ့်**
**ဓာတ်ပုံ-လင်းဟန်ဇေ၊ ဝေလျှံ၊ ရဲဇင်မိုး**

# ရွှေတိဂုံစေတီတော်၌ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ရင်ပြင်တော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခဒေါက်တာသီတာအောင်က သွေးလှူဒါန်းခြင်းအကြောင်း သိကောင်းစရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးပြီးတော့ ၂၀၀၇ ခုနှစ် မေတ္တာအခါတော်နေ့ကစပြီးမွန်မြတ်သန့်စင်တဲ့ မိမိတို့ရဲ့သွေးများကိုလှူဒါန်းနိုင်ဖို့ လေးလတစ်ကြိမ် တစ်နှစ်ကိုသုံးကြိမ် ပြုလုပ်ပေးခဲ့တာဟာ ဒီတစ်ကြိမ်နဲ့ပါဆိုရင် (၃၇)ကြိမ်ရှိပါပြီ"ဟု သွေးလှူဒါန်းပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက ပြောသည်။

**ပွင့်သစ္စာ**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှနှင့် သမာဓိမိသားစုက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၈၉/၅) အနောက်ဘက်ရှိ မိဘမဲ့ကလေးနှင့် ပညာရေးချို့တဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်လျက်ရှိသည့် ခြုံထည်ဂွမ်းစောင်အထည် ၁၀၀ ကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းစဉ်။ ၁၂၉

# လေဘာတီအလွမ်းပြေအငြိမ့်ပြိုင်ပွဲ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လေဘာတီအလွမ်းပြေ အငြိမ့်ပြိုင်ပွဲကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်က အမှာစကားပြောကြားသည်။



"တစ်ခေတ်တစ်ခါက နာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ အမေလေဘာတီဒေါ်မြရင်ရဲ့ အငြိမ့်ကဟန်တွေ၊ တေးသီချင်းတွေကို ပြန်လည်ဖော်ထုတ်လိုတဲ့ စေတနာရယ်၊ အငြိမ့်သဘင် ပြန်လည်ထွန်းကားလာဖို့နဲ့ မျိုးဆက်သစ် အနုပညာရှင်တွေကြားမှာ အမေလေဘာတီဒေါ်မြရင်ရဲ့ အနုပညာအငွေ့အသက်တွေကို ထိန်းသိမ်းစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်ပါတယ်" ဟု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဦးခိုင်ထွန်းက ပြောသည်။

"လေဘာတီအလွမ်းပြေ အငြိမ့်ပြိုင်ပွဲလိုမျိုး နောက်နောင် ဆက်လုပ်မယ့် ပြိုင်ပွဲတွေမှာလည်း တခြားသော အနုပညာရှင်ကြီးတွေရဲ့ အနုပညာတွေကို ပြန်လည်ဖော်ထုတ်နိုင်ဖို့ ဆောင်ရွက် သွားမှာဖြစ်ပါတယ်" ဟု ပါမောက္ခ/ဌာနမှူး ဦးခိုင်ထွန်းက ဆက်လက်ပြောပြသည်။

လေဘာတီအလွမ်းပြေ အငြိမ့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အငြိမ့်အဖွဲ့ ၁၁ ဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုထက်**

# တာမွေမြို့နယ်၌ ပလတ်စတစ်များနှင့် လမ်းခွဲကြပါစို့ အသိပညာပေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့တွင် ပလတ်စတစ်အမှိုက်များ ကင်းစင်စေရန် ရည်ရွယ်၍ မြို့ပြပုံဖော်သူလူငယ်များအဖွဲ့က ဦးစီးကာ ပလတ်စတစ်များနှင့် လမ်းခွဲကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းကတာမွေမြို့နယ် နန္ဒဝန်စေတီလမ်း နှင့် သမိန်ဗရမ်းလမ်းကြားရှိ နောက်ဖေးလမ်းကြား၌ ကျင်းပသည်။



အသိပညာပေးပွဲတွင် ပလတ်စတစ်အမှိုက်၏ ဆိုးကျိုး၊ ပလတ်စတစ်များကို ငြင်းပယ်၍ လျှော့ချသုံးစွဲမှု၊ ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများ ဖန်တီးမှုစသည့် အကြောင်းအရာများကို ဗီဒီယိုပြသခြင်း၊ ဓာတ်ပုံစာသားများဖြင့် ပုံဖော်ပြခြင်း၊ စွန့်ပစ်အမှိုက်များမှ လူသုံးကုန်ပစ္စည်းများဖန်တီးမှုကို လက်တွေ့ပြသသင်ကြားပေးခြင်းအသိပညာပေးမှုများဆောင်ရွက်ခဲ့သည်။

"ပလတ်စတစ်တွေကို ဘယ်လိုမျိုးအသုံးပြုမလဲဆိုတဲ့ဟာလေးကို ဒီပွဲမှာ ပြသပေးထားတယ်။ တစ်ခါသုံးပလတ်စတစ်ကို ဘယ်လိုမျိုးလျှော့ချသုံးစွဲကြမလဲ၊ ဘယ်လောက်ဆိုးကျိုးဖြစ်နေလဲ၊ လူသားတွေတင်မကဘူး တိရစ္ဆာန်တွေပါ ဘယ်လိုခံစားနေရလဲဆိုတာ ပြသသွားမှာဖြစ်ပါတယ်"ဟု လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒို့အိမ်မှ လူထုဆက်ဆံရေးတာဝန်ခံ မရွှန်းလဲ့လဲ့ထွန်းက ပြောသည်။

အဆိုပါပွဲသို့ တာမွေမြို့နယ်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တာမွေမြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လေ့လာသူများတက်ရောက်ကြပြီး ရုပ်ရှင်နှင့်မော်ဒယ်သရုပ်ဆောင် မေတိုးခိုင်ကလည်း ပါဝင်ကူညီပေးခဲ့သည်။

**အေးမင်းသူ**

# လူငယ် ၂၀၀၀ အား သက်မွေးပညာသင်ပေးပြီး အလုပ်အကိုင်ရသည်အထိ လုပ်ဆောင်ပေး

**မကွေး ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီးရှိ အသက် ၁၆ နှစ်မှ ၃၅ နှစ်အတွင်းလူငယ်ဦးရေ ၂၀၀၀ တို့အားအသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး အလုပ်အကိုင်ရသည်အထိ လုပ်ဆောင်ပေးနေကြောင်း မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းထံမှ သိရသည်။

ဆံပင်နှင့် မျက်နှာအလှပြုပြင်သင်တန်း၊ အမျိုးသမီးအဝတ်အထည်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြုပြင်သင်တန်းတို့ကို သင်ကြားပေးလျက်ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သင်တန်းများတက်ပြီး ဝင်ငွေရလမ်းသေချာစေရန် သတင်းအချက်အလက်ပေးခြင်းကို မကွေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပနေသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပညာပေးပြခန်းဖွင့်လှစ် လုပ်ဆောင်ထားပြီး ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းပြင်ပရောက်နေသူများ၊ မသန်စွမ်းသူများအပါအဝင် လူငယ်အားလုံးဆက်သွယ်နိုင်ရန် ဖိတ်ခေါ်နေကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## သတင်းစုံကဏ္ဍ

### အာနန္ဒာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းရှိအာနန္ဒာဘုရားကြီး၏ (၉၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောကြားသည်။

အနယ်နယ်အရပ်ရပ်မှဆယ့်နှစ်ပွဲဈေးသည်များ လာရောက်ရောင်းချသည့် ဈေးဆိုင်ခန်းပေါင်း ၁၈၅၀ ကျော်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

### ပူတာအိုတွင် ကွန်ကရစ်ပုံလောင်းသင်တန်းဖွင့်

**ပူတာအို**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ကရစ်ပုံလောင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့နယ် ပူတောင်းကျေးရွာအုပ်စုမုဒုံ- ၂ ကျေးရွာကျောင်းရှေ့ယာယီမဏ္ဍပ်ဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ သင်တန်းသား ၁၅ ဦးအား သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်း

**သထုံ**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်မော်တာအပ်ချုပ်စက် သင်တန်းနှင့် ခေါင်းလျှော်ရည်၊ ဆပ်ပြာမျိုးစုံလုပ်နည်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပသည်။

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲသို့ သထုံခရိုင် မြို့နယ်လေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားခဲ့ကြသည်။

**ကြေးမုံ**

### ဆောင်းသီးနှံဟင်းသီးဟင်းရွက်များ ဆွတ်ခူးရောင်းချ

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် လာပို့ကျေးရွာတွင် ဆောင်းသီးနှံအဖြစ် မုန်ညင်း၊ မုန်လာ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်အပါအဝင် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပြီး ယခုအခါ စတင်ဆွတ်ခူး၍ ဂန့်ဂေါမြို့ မြို့မဈေးအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ရောင်းချနေကြပြီဖြစ်သည်။

"ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းတွေ လိုက်နာကျင့်သုံးဖို့ ပညာပေးခြင်းများကို စိုက်ပျိုးရေးဌာနဝန်ထမ်းများနှင့် တောင်သူများ တွေ့ဆုံဆွေးနွေးကြပါတယ် " ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က ပြောသည်။

**စိန်ကျော်**

**အားကစား၊ အနုပညာ**

## အင်တာမီလန်အသင်း သရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း အီတလီစီးရီးအေတွင် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်



အင်တာမီလန်အသင်းဟာ အီတလီစီးရီးအေပွဲစဉ် ၁၆ အဖြစ် ဖီအိုရင်တီးနားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အင်တာမီလန်အသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းနဲ့ အူဒီးနီးစ်အသင်းတို့ပွဲစဉ်မှာတော့ ဂျူဗင်တပ်အသင်းဟာ အူဒီးနီးစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် ရမှတ်တူဂိုးကွာခြားချက်ကြောင့် ဂျူဗင်တပ်အသင်းဟာ အမှတ်ပေးဇယား ဒုတိယနေရာမှာပဲ ဆက်လက်ရပ်တည်နေခဲ့တာဖြစ်ပါတယ်။

လက်ရှိအီတလီစီးရီးအေအမှတ်ပေးဇယားမှာ အင်တာမီလန်အသင်းက ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁ မှာရပ်တည်နေပြီး ဂျူဗင်တပ်အသင်းကလည်း ရမှတ် ၃၉ မှတ်နဲ့ ဂိုးကွာခြားချက်ကြောင့် အဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ် — ရေးသားသည်**



## လစ်လပ်နေတဲ့ နည်းပြနေရာအတွက် အာဆင်နယ်က အာတီတာနဲ့ ဆွေးနွေး

အာဆင်နယ်အသင်းဟာ အသင်းရဲ့လစ်လပ်နေတဲ့ နည်းပြရာထူးအတွက် မန်စီးတီးအသင်း လက်ထောက်နည်းပြ အာတီတာနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းဟာ နည်းပြအမ်မရီကို ထုတ်ပယ်လိုက်ပြီးနောက် လက်ရှိမှာနည်းပြလက်မဲ့ ဖြစ်နေရတဲ့အပြင် ဒီဇင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့ ပွဲစဉ်မှာလည်း သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ မန်စီးတီးအသင်း လက်ထောက်နည်းပြ အာတီတာကို အစားထိုးခန့်အပ်ဖို့ စီစဉ်နေတာဖြစ်ပြီး အာတီတာဟာ အာဆင်နယ်အသင်းရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တာမို့ အသင်းနဲ့ အံဝင်မယ်လို့လည်း အာဆင်နယ်အသင်းက မျှော်လင့်ထားတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ၁၇ ပွဲကစားအပြီးမှာ ငါးပွဲသာ အနိုင်ရရှိခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားအဆင့် ၄ နေရာမှာ ရပ်တည်နေတဲ့ ချယ်လ်ဆီးအသင်းနဲ့ ခုနစ်မှတ်အကွာ အမှတ်ပေးဇယားအဆင့် ၉ နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ လက်ရှိ မန်စီးတီးအသင်း လက်ထောက်နည်းပြ အာတီတာဟာ အာဆင်နယ်အသင်းနဲ့အတူ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၁၄၉ ပွဲအထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းက နည်းပြ အာစင်ဝင်းဂါးအသင်းကနေ ထွက်ခွာသွားပြီးချိန်မှာ အာတီတာကို အစားထိုးနည်းပြအဖြစ် ခန့်အပ်ဖို့ စီစဉ်ခဲ့တာလည်းဖြစ်ပါတယ်။

အာတီတာဟာ ကစားသမားဘဝကနေ အနားယူပြီးတဲ့နောက် ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ မန်စီးတီးအသင်းနည်းပြအဖွဲ့ဝင်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။

**အနုပညာ**

## ပရိသတ်တွေရဲ့ တောင်းဆိုမှုကြောင့် BLACK PINK ရဲ့ တေးသီချင်းသစ် လာမယ့်နှစ်အစတွင် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ဟာ တေးသီချင်းသစ် ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိတာ အတော်လေး ကြာခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ ပရိသတ်တွေက လတ်တလောမှာ BLACK PINK ရဲ့ တေးသီချင်းသစ်တွေ ထုတ်လွှင့်ပေးဖို့ရာနဲ့ အဖွဲ့ဝင်တွေအပေါ် ပိုမိုကောင်းမွန်စွာ ဆက်ဆံပေးဖို့ရာ အေဂျင်စီကို တောင်းဆိုခဲ့ပြီး အဲဒီနောက်မှာ အေဂျင်စီက အဖွဲ့ရဲ့ လက်ရှိအနုပညာလှုပ်ရှားမှုအစီအစဉ်တွေနဲ့ တေးသီချင်းသစ်ကို ၂၀၂၀ ပြည့်နှစ် နှစ်စမှာ ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဒီဇင်ဘာ ၁၆ ရက်မှာ BLACK PINK ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က အေဂျင်စီရဲ့ တရားဝင် လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် BLACK PINK နဲ့ ပတ်သက်ပြီး ထုတ်ပြန်ဖော်ပြခဲ့တာဖြစ်ပါတယ်။ အေဂျင်စီရဲ့ ဖော်ပြချက်အရ အဖွဲ့ဝင်တွေဟာ လက်ရှိမှာ တိုက်ကြီးလေးတိုက်အတွင်း မြို့ပေါင်း ၂၃ မြို့မှာ ဖျော်ဖြေပွဲ ၃၂ ခု ပါဝင်တဲ့ အဖွဲ့ရဲ့ နယ်လှည့်တေးဂီတဖျော်ဖြေပွဲရဲ့ အဆုံးသတ်ပွဲတွေအဖြစ် ဂျပန်မှာ ဖျော်ဖြေလျက်ရှိကြောင်းနဲ့ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ကိုလည်း ပြင်ဆင်လျက်ရှိပြီး လာမယ့်နှစ် နှစ်စပိုင်းမှာ စတင် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

BLACK PINK ရဲ့ တေးသီချင်းသစ်တွေ ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာဟာ BLACK PINK ရဲ့ ပရိသတ်အဖွဲ့တွေက တရားဝင် တောင်းဆိုခဲ့တာကြောင့်ဖြစ်ပါတယ်။ ပရိသတ်တွေက ဗီဒီယိုကြော်ငြာယာဉ် တစ်စီးကို ငှားယမ်းကာ BLACK PINK ရဲ့ တေးသီချင်းသစ်တွေကို တွေ့မြင်လိုကြောင်း ဝိုင်ဂျီအန်တာတိန်းမန့်ရှေ့မှာ ကြော်ငြာခဲ့ပါတယ်။ ဒါ့အပြင် ဆိုးလ်မြို့ အနှံ့ကိုလည်း လှည့်လည်ကြော်ငြာခဲ့ပြီး ဒီလို ပြုလုပ်အပြီးမှာ အေဂျင်စီက အဖွဲ့ရဲ့ တေးသီချင်းသစ်နဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။




## စံချိန်သစ် တင်လိုက်တဲ့ Frozen 2

ရုပ်သံဖန်တီးမှုရုပ်ရှင်ဖြစ်တဲ့ Frozen 2 ရုပ်ရှင်ဟာ စတင်ရုံတင်ခဲ့သည်မှ တတိယမြောက်သီတင်းပတ်မှာ ကမ္ဘာတစ်ဝန်းမှ ရရှိခဲ့တဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ဘီလီယံနဲ့ချီကာ ရရှိခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါရုပ်ရှင်ဟာ ဒစ်စနေက ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေအနက် ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံချီ ရရှိခဲ့တဲ့ ခြောက်ကားမြောက် ရုပ်ရှင်ဖြစ်လာခဲ့ကြောင်း မေးလ်အွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့ပြီး အလွန်အောင်မြင်ခဲ့တဲ့ Frozen ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ်ဖြစ်တဲ့ Frozen 2 ဟာ ဒေသတွင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၅ သန်းခန့်ရရှိခဲ့ကာ ပြည်ပမှဝင်ငွေ အမေရိကန်ဒေါ်လာ ၆၆၆ သန်းခန့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ ရုပ်ရှင်ဟာ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

Frozen 2 ကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၂ ရက်က စတင်ရုံတင်ခဲ့တာ ဖြစ်ပါတယ်။ အဖွင့်သီတင်းပတ်မှာပင် ကမ္ဘာတစ်ဝန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၅ သန်း ရရှိခဲ့ပြီး အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် စံချိန်သစ်ချိုးနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

**အေးပြည့် — ရေးသားသည်**

## ဝိုင်ဂျီနဲ့ လမ်းခွဲပါက အနုပညာအမည်တွေကို ဆုံးရှုံးဖွယ်ရှိတဲ့ G-Dragon နဲ့ တေးယန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BIG BANG ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ G-Dragon နဲ့ တေးယန်တို့ဟာ သူတို့ရဲ့ လက်ရှိအေဂျင်စီနဲ့ လမ်းခွဲမယ်ဆိုပါက သူတို့ရဲ့အနုပညာအမည်တွေကို ဆုံးရှုံးနိုင်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ပေါ့ပ်ကြယ်ပွင့်တွေနဲ့ အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်အကြား ချုပ်ဆိုထားတဲ့ ကုန်အမှတ်တံဆိပ်အခွင့်အရေးနဲ့ ပတ်သက်တဲ့ စာချုပ်အရ G-Dragon နဲ့ တေးယန်ဆိုတဲ့ အနုပညာအမည်တွေကို အေဂျင်စီက ပိုင်ဆိုင်တာဖြစ်ပါတယ်။ အေဂျင်စီနဲ့လမ်းခွဲမယ်ဆိုပါက ပေါ့ပ်ကြယ်ပွင့်တွေဟာ သူတို့ရဲ့ အနုပညာအမည်တွေကို ဆုံးရှုံးနိုင်ဖွယ်ရှိနေပါတယ်။

BIG BANG ဟာ ဝိုင်ဂျီအန်တာတိန်းမန့်အတွက် အဓိကဝင်ငွေ ရှာဖွေပေးနေတဲ့ တေးဂီတအဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်တွေအနက် G-Dragon နဲ့ တေးယန်တို့ နှစ်ဦးသာ ပြဿနာကြီးကြီးမားမားမရှိတဲ့ အဖွဲ့ဝင်တွေလည်း ဖြစ်ကြပါတယ်။ လက်ရှိမှာ ဝိုင်ဂျီဟာ ကြယ်ပွင့်တွေနဲ့ပတ်သက်ပြီး ပြဿနာတွေနဲ့ ရင်ဆိုင်နေရကာ လာဘ်ပေးလာဘ်ယူကိစ္စတွေမှာလည်း ပါဝင်ပတ်သက်နေတာကြောင့် စုံစမ်းစစ်ဆေးခံနေရပါတယ်။

ဒါကြောင့် G-Dragon နဲ့ တေးယန်တို့အနေနဲ့ ဝိုင်ဂျီနဲ့ လမ်းမခွဲဘဲ စာချုပ်သစ် ထပ်မံချုပ်ဆိုမယ်ဆိုပါက ဝိုင်ဂျီရဲ့ ရှယ်ယာဈေးအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်းလည်း သိရပါတယ်။

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## ၂၀၁၈–၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက–မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ၂၀၁၈–၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊၂၀၁၈–၂၀၁၉စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈–၂၀၁၉ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော (ပုဂ္ဂလိက– မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀)ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ် ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**၂၀၁၈–၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် (၅၀) ဦးစာရင်း(ပုဂ္ဂလိက)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စု နယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ဒေါ်အေးအေး | ကျောက်ပုံရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၂ | ဒေါ်နွယ်နီစန်း | ဘွဲ့ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၃ | မြင့်မိုထိပ်အထွေထွေ စီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းလီမိတက် | တောင်တွင်းလမ်း၊ နွားကူးကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ကုန်သွယ်မှု လုပ်ငန်း | |
| ၄ | Kaung Mon Co.,Ltd | အမှတ်–၇(ခ)၊ ပြည်တော်သာလမ်း၊ ပြည်တော်သာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဝန်ဆောင်မှု လုပ်ငန်း | |
| ၅ | ဦးသန့်ဇော်ဆွေ | အမှတ်–၄၊ ပြည်တော်သာလမ်း၊ ကွက်သစ်ရပ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၆ | နန်းထိုက်ဝင်း ကုမ္ပဏီလီမိတက် | အမှတ်–၄၆၇၊ အောင်မေတ္တာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၇ | ဦးအောင်နိုင် | ကားကြီးကွင်းရှေ့တိုက်တန်း၊ တာဘောင်ကြီးလမ်း၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၈ | Shwe Lat Mye Co.,Ltd | အမှတ်–၉၀၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၉ | Khing Htoo Co.,Ltd | အမှတ်–၈၉၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၀ | ဦးစိုးမြင့်–ဦးကျော်မိုးလွင် | တောင်တွင်းလမ်း၊ အောင်ဇေယျာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | (ဆယ်စုသစ်) စက်သုံးဆီဆိုင် | |
| ၁၁ | ဦးလေးလွင် | အမှတ်–မ/၁၅၊ ဗိုလ်ချုပ်လမ်း၊ မြောက်ကုန်းရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၁၂ | အောင်အောင်သော် ကုမ္ပဏီလီမိတက် | ရွှေမင်းဝံတိုက်တန်း၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၃ | သူရလင်း ကုမ္ပဏီလီမိတက် | အမှတ်(၃၀)၊ သပြေလမ်း၊သိင်္ဂါရပ် မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၄ | ဦးတင်ဝင်းမောင် | တောင်တွင်းလမ်း၊ နွားကူးကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ခေတ်ပြိုင် အရက်ဖြူ ပုလင်းသွတ် လုပ်ငန်း | |
| ၁၅ | ပြည်တော်တိုး ကုမ္ပဏီလီမိတက် | ပြည်လမ်း၊ ညောင်ပင်လှကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၆ | ထူးမြတ်လျှံကုမ္ပဏီလီမိတက် | အမှတ်–၄၆၇၊ ၁–လမ်း၊ အောင်မေတ္တာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၇ | ဦးမြင့်ကြိုင် ပါ( ၃)ဦး | အမှတ်–မ/၃၂၊ မြောက်ကုန်းရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၈ | ဆောင်တိုင်းပြည့် ကုမ္ပဏီလီမိတက် | ဥယျာဉ်စုကျေးရွာ၊ ညောင်ပင်လှအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၉ | မြစ်ခြေ ဂရု(ပ်) ကုမ္ပဏီလီမိတက် | တိုးချဲ့(၂)၊ မြစ်ခြေကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၀ | ဦးကျော်မင်းခိုင် | ကံပေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ခိုင်ခိုင်ကျော် စက်သုံးဆီ ရောင်းဝယ်ရေး | |
| ၂၁ | ပခုက္ကူကြယ်ပွင့်အုပ်စု ကုမ္ပဏီလီမိတက် | မြို့သစ်ရပ်၊ ရေစကြိုလမ်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၂ | Hlaing Yadi Tun Co.,Ltd | အမှတ်–၅၊ (၁၀)လမ်း၊ (၁၁)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၃ | ဒေါင်းဖန်ဝါဝန်း ကုမ္ပဏီလီမိတက် | ဗိုလ်ချုပ်လမ်း၊ အောင်တံခွန်ရပ်၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၄ | Shwe Pakokku Co.,Ltd | (၅)လမ်း၊ အမှတ်–၁၁ ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၅ | ဦးမောင်ချို | မင်းတုန်းလမ်း၊ ကိုးပင်ကျေးရွာအုပ်စု၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | စက်သုံးဆီဆိုင် | |
| ၂၆ | ဦးစိန်တင် | ပြည်တော်သာလမ်း၊ ဈေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရွှေရောစတိုး + Big Chef စားသောက်ဆိုင် | |
| ၂၇ | ကောင်းမိုးသန့် ကုမ္ပဏီလီမိတက် | အမှတ်–၁၁၅၊ ၅လမ်း၊ ရန်မျိုးနိုင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၈ | ရွှေပန္နက်ကုမ္ပဏီလီမိတက် | ပိတောက်ရွှေဝါလမ်း၊ ကွက်သစ်ရပ်ကွက်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး ကုမ္ပဏီ | |
| ၂၉ | ဦးသက်ထွန်းအောင် | လက်ပံကွေ့ရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | K&T စက်သုံးဆီ ရောင်းဝယ်ရေး | |
| ၃၀ | မြတ်ဖြိုးရွှေငွေ ကုမ္ပဏီလီမိတက် | အမှတ်–စီ/ ၄၁၆၊ မေတ္တာလမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၁ | ဦးဇော်မင်းထွန်း | အမှတ်–၂၇၁၊ ပျော်ဘွယ်လမ်း၊ မြို့မရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "စည်တော်" စက်သုံးဆီဆိုင် | |
| ၃၂ | ဟန်သီရိလွင်ကုမ္ပဏီလီမိတက် | အမှတ်–၁၄၂ ၊ ၁၀ လမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၃ | ဦးဇော်သိန်းဝင်း | အမှတ်–၂၇၄၊ ပျော်ဘွယ်လမ်း၊ မြို့မရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "ဇော်ကြီး" စက်သုံးဆီဆိုင် | |
| ၃၄ | တိုက်သိမ်းကျော် ကုမ္ပဏီလီမိတက် | ရေပြာရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၅ | ဒေါ်ဆွေမာဝင်း | အမှတ်–၄၀၀၊ တောင်တွင်းလမ်း၊ အောင်ဆန်းရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "ဇမ္ဗူထွန်း" စက်သုံးဆီဆိုင် | |
| ၃၆ | YAW BROTHER Co.,Ltd | အမှတ်–မ/၃၆၂၊ မြစ်ရှောင်လမ်း၊ စည်ပင်သာယာရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၇ | ဦးဝင်းဇော်ဦး | အမှတ်–၄၀၀၊ တောင်တွင်းလမ်း၊ အောင်ဆန်းရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "အောင်ကောင်း မြေ" စက်သုံးဆီဆိုင် | |
| ၃၈ | ဦးသန့်ဇော်ဆွေ(ပါ –၂) | စမ်းကံရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၃၉ | ဦးစန်းမောင် | အမှတ်–မ/၆၉၊ ဗိုလ်ချုပ်လမ်း၊ မြောက်ကုန်းရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၀ | ဦးတင်အုန်း(သား)ဦးငွေးနိုင် | ရခိုင်ဘုရားကြီးလမ်း၊ ရွှေအိုး–၂ ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ပုလဲ စတိုးဆိုင် | |
| ၄၁ | ဘူမိလွင်ပြင်ကုမ္ပဏီလီမိတက် | ဈေးရပ်၊မြို့သစ်မြို့နယ်၊တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး ကုမ္ပဏီ | |
| ၄၂ | MYIT THAR GAN GAWFAMILY Co.,Ltd | အမှတ်–မ/၁၄၉၊ ဇေလမ်း၊ စည်ပင်သာယာရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၃ | အောင်ပဒေသာ ကုမ္ပဏီလီမိတက် | အမှတ်–၅၊ ပြည်တော်သာလမ်း၊ ရွာလေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၄ | ဦးသန်းထွန်းအောင် | မင်းတုန်းလမ်း၊ ကိုးပင်ကျေးရွာအုပ်စု၊သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | စက်သုံးဆီဆိုင် | |
| ၄၅ | လင်းရောင်ထိန် ကုမ္ပဏီလီမိတက် | ဗိုလ်ချုပ်လမ်း၊ ရွှေအိုး–၁ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၆ | ဦးကျော်လွင် | အမှတ်–၂၇၀၊ ပျော်ဘွယ်လမ်း၊ မြို့မရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "ဟိဏ်း(၂)" စက်သုံးဆီဆိုင် | |
| ၄၇ | MOON & SPACE CO.,LTD | တိုက်–၁၂၊ အခန်း–၄/၀၂၊ မြေညီထပ်၊ တန်ဖိုးသင့်အိမ်ရာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၈ | ဦးအောင်ဇော်ဖြိုး | အမှတ်–၂၇၀၊ ပျော်ဘွယ်လမ်း၊မြို့မရပ်၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | "ဟိဏ်း(၁)" စက်သုံးဆီဆိုင် | |
| ၄၉ | ဟိန်းလျှံစိုးကုမ္ပဏီလီမိတက် | အမှတ်–၇၆/၇၇၊ အထက–၁လမ်း၊ ရန်အောင်ရပ်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၅၀ | ဆန်းသစ်အောင်လှိုင် ကုမ္ပဏီလီမိတက် | အမှတ်–အီး–၆၊ မဲထီးလမ်း၊ မြင်သာရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ် တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအားထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်း ဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း**
**(ပုဂ္ဂလိက/ မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန/ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒေါ်အေးအေး | ကျောက်ပုံရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၂ | မြင့်မိုရ်ထိပ် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမ အသင်းလီမိတက် | တောင်တွင်းလမ်း၊ နွားကူးကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ကုန်သွယ်မှု လုပ်ငန်း | |
| ၃ | Kaung Mon (Magway) Services Co.,ltd | အမှတ်- ၇/ခ ၊ ပြည်တော်သာလမ်း၊ ပြည်တော်သာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဝန်ဆောင်မှု လုပ်ငန်း | |
| ၄ | မကွေးတိုင်းအထွေထွေ ရောင်းဝယ်ရေးသမ အသင်းစုချုပ်လီမိတက် | နတ်မောက်လမ်း၊ မြင်သာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရောင်းဝယ်မှု လုပ်ငန်း | |
| ၅ | ဦးသန့်ဇော်ဆွေ | အမှတ်-၄၊ ပြည်တော်သာလမ်း၊ ကွက်သစ်ရပ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၆ | ဦးသန့်ဇော်ဆွေ (ပါ -၂) | စမ်းကံရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၇ | Shwe Lat Mye Co., Ltd | အမှတ်- ၉၀၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၈ | ဦးအောင်နိုင် | ကားကြီးကွင်းရှေ့တိုက်တန်း၊ တာဘောင်ကြီးလမ်း၊ ရုံးရပ်တောင်ပိုင်း၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၉ | Khing Htoo Co.,Ltd | အမှတ်- ၈၉ ၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၀ | အောင်အောင်သော် ကုမ္ပဏီလီမိတက် | အမှတ်- ၂၅/၂၆ ၊ ရွှေမင်းဝံတိုက်တန်း ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၁ | ဦးငွေအောင် | အမှတ်- ၁၀ ၊ တောင်တွင်းလမ်း၊ အောင်စေတနာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | အမေထွား ဆီစက် | |
| ၁၂ | သူရလင်း ကုမ္ပဏီလီမိတက် | အမှတ်- ၃၀ ၊ သပြေလမ်း ၊ သိင်္ဂါရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၃ | ဦးလေးလွင် | အမှတ်- မ/၁၅ ၊ ဗိုလ်ချုပ်လမ်း၊ မြောက်ကုန်းရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံ လက်ယက်တွင်း လုပ်ငန်း | |
| ၁၄ | မြို့နယ်သမဝါယမ အသင်းစု | ဈေးမရပ် ၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | အိမ်/မြေ ရောင်းချခြင်း | |
| ၁၅ | ပြည်တော်တိုး ကုမ္ပဏီလီမိတက် | ပြည်လမ်း၊ ညောင်ပင်လှကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၆ | ထူးမြတ်လျှံ ကုမ္ပဏီလီမိတက် | အမှတ်-၄၆၇၊ (၁) လမ်း၊ အောင်မေတ္တာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၇ | ဆောင်တိုင်းပြည့် ကုမ္ပဏီလီမိတက် | ဥယျာဉ်စုကျေးရွာ၊ ညောင်ပင်လှအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၈ | မြေလတ်သား အထွေထွေစီးပွားရေး သမအသင်းလီမိတက် | တောင်တွင်းလမ်း ၊ နွားကူးကျေးရွာ ၊ မကွေးမြို့နယ် ၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ကုန်သွယ်မှု လုပ်ငန်း | |
| ၁၉ | ဒေါ်နွယ်နီစန်း | ဘွဲ့ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရေနံလက်ယက် တွင်းလုပ်ငန်း | |
| ၂၀ | မြစ်ခြေ ဂရု(ပ်) ကုမ္ပဏီလီမိတက် | တိုးချဲ့(၂)၊ မြစ်ခြေကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၁ | ပခုက္ကူကြယ်ပွင့်အုပ်စု ကုမ္ပဏီလီမိတက် | မြို့သစ်ရပ်၊ ရေစကြိုလမ်း၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၂ | ဦးစိုးမြင့် + ဦးကျော်မိုးလွင် | တောင်တွင်းလမ်း ၊ အောင်ဇေယျာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆယ်စုသစ် စက်သုံးဆီဆိုင် | |
| ၂၃ | Hlaing Yadi Tun Co.,Ltd | အမှတ်- ၅၊ (၁၀)လမ်း၊ (၁၁)ရပ်ကွက်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၄ | ဒေါင်းဖန်ဝါဝန်း ကုမ္ပဏီလီမိတက် | ဗိုလ်ချုပ်လမ်း၊ အောင်တံခွန်ရပ်၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၅ | ဦးစိန်တင် | ပြည်တော်သာလမ်း၊ ဈေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ရွှေရောစတိုး၊ Big Chef စားသောက်ဆိုင် | |
| ၂၆ | Shwe Pakokku Co.,Ltd | (၅) လမ်း၊ အမှတ်- ၁၁ရပ်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၇ | ဦးတင်ဝင်းမောင် | တောင်တွင်းလမ်း၊ နွားကူးကျေးရွာ၊ မကွေးမြို့နယ် ၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ခေတ်ပြိုင် အရက်ဖြူ ပုလင်းသွတ် လုပ်ငန်း | |
| ၂၈ | ဦးကျော်ဇေယျ | သောင်းရင်းလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | မွေးမြူရေး အစာထုတ်လုပ် ရောင်းချခြင်း | |
| ၂၉ | ကောင်းမိုးသန့် ကုမ္ပဏီလီမိတက် | အမှတ်- ၁၁၅၊ (၅) လမ်း၊ ရန်မျိုးနိုင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၀ | ရွှေပန္နက် ကုမ္ပဏီလီမိတက် | ပိတောက်ရွှေဝါလမ်း၊ ကွက်သစ်ရပ်ကွက်၊ မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၁ | YAW BROTHER Co.,Ltd | အမှတ်- မ/၃၆၂ ၊ မြစ်ရောင်လမ်း၊ စည်ပင်သာယာရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၂ | မြတ်ဖြိုးရွှေငွေ ကုမ္ပဏီလီမိတက် | အမှတ်- စီ/ ၄၁၆၊ မေတ္တာလမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၃ | တိုက်သိမ်းကျော် ကုမ္ပဏီလီမိတက် | ရေပြာရွာ ၊ ပေါက်မြို့နယ် ၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၄ | ဟန်သီရိလွင် ကုမ္ပဏီလီမိတက် | အမှတ်- ၁၄၂၊ (၁၀)လမ်း၊ရန်အောင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၅ | Myit Thar gangaw Family Co.,Ltd | အမှတ်- မ/၁၄၉ ၊ ဇေလမ်း၊ စည်ပင်သာယာရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၆ | ဘူမိလွင်ပြင် ကုမ္ပဏီလီမိတက် | ဈေးရပ်ကွက်၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၇ | ဦးဆန်းဝင်း | နတ်မောက်လမ်း၊ ပွဲကြိုရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဖန်ခါးမြေဟိုတယ်၊ မကွေးဟိုတယ် | |
| ၃၈ | အောင်ပဒေသာ ကုမ္ပဏီလီမိတက် | အမှတ်-၅၊ ပြည်တော်သာလမ်း၊ ရွာလေးရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၉ | မြို့နယ်သမဝါယမ အသင်းစု | အနောက်ပိုင်းရပ်၊ ဆိပ်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ငွေစုငွေချေး အသင်း | |
| ၄၀ | ဒေါ်ဘေဘီ | အမှတ်-၂၊ ကမ်းနားလမ်း၊ မြို့မရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | မိစတိုး ၁+၂၊ ပသာဒဆေးရုံ၊ ပသာဒမျက်စိ ဆေးခန်း၊ | |
| ၄၁ | ဦးသောင်းရွှေ(သား) ဦးကိုကိုငွေ | ရခိုင်ဘုရားကြီးလမ်း၊ ရွှေအိုး-၂ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဦးပိုင်ရွှေဆိုင် | |
| ၄၂ | ဦးစန်းမောင် | အမှတ် - မ/၆၉ ၊ ဗိုလ်ချုပ်လမ်း၊ မြောက်ကုန်းရပ်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၃ | လင်းရောင်ထိန် ကုမ္ပဏီလီမိတက် | ဗိုလ်ချုပ်လမ်း၊ ရွှေအိုး-၁ ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၄ | MOON & SPACE Co., Ltd | တိုက်- ၁၂၊ အခန်း၄/၀၂၊ မြေညီထပ်၊ တန်ဖိုးသင့်အိမ်ရာ၊ ချမ်းမြေ့သာယာရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၅ | ဟိန်းလျှံစိုး ကုမ္ပဏီလီမိတက် | အမှတ်- ၇၆/ ၇၇၊ အထက - ၁ လမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၆ | ဆန်းသစ်အောင်လှိုင် အုပ်စုကုမ္ပဏီလီမိတက် | အမှတ်- အီး/ ၆၊ မဲထီးလမ်း၊ မြင်သာရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၇ | ဘုန်းမြတ်ရာဇာ ကုမ္ပဏီလီမိတက် | ဒီးဒုတ်ကွင်းရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၈ | HEIN GANGAW GROUP Co.,Ltd | အမှတ် - မ/၅၄ ၊ ဗိုလ်ချုပ်လမ်း၊ မြို့မရပ်ကွက်၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၉ | YAW PYI THIT Co.,Ltd | အမှတ်- မ/၁၊ ဖိုးသဲကြီးလမ်း၊ အမှတ်- ၁ ရပ်ကွက်၊ ထီးလင်းမြို့၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၅၀ | ခင်ဇော်တိုး ကုမ္ပဏီလီမိတက် | အမှတ်- ၇ ၊ မကွေးလမ်း ၊ ရွှေကြာအင်း-၂ရပ်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | မကွေး | ဆောက်လုပ်ရေး လုပ်ငန်း | |



# အိန္ဒိယနိုင်ငံသို့ ဘုရားဖူးခရီးစဉ်အဖြစ် မြန်မာစက်ဘီးသမားနှစ်ဦး ထွက်ခွာ

**မုံရွာ ဒီဇင်ဘာ ၁၆**

မုံရွာမြို့မှ ချင်းတွင်းတံတားကိုဖြတ်၍ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးခရီးစဉ်သွားရောက်မည့် စက်ဘီးသမားနှစ်ဦးသည် ဒီဇင်ဘာ ၁၆ ရက် နံနက်က စတင်ထွက်ခွာသွားပြီဖြစ်သည်။

**ပြည်ပခရီး စီးနင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့မှ မွေးမြူရေးလုပ်ကိုင်သူ ကိုထိုက် (ခေါ်)သိန်းထိုက်စိုးဦးနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ကိုလင်းလွန်း (ခေါ်) မျိုးသူအောင်တို့အနေဖြင့် မြန်မာပြည်အတွင်း စက်ဘီးလှည့်ပတ်စီးနင်းသွားလာနေရာမှ ပြည်ပခရီးကို စတင်စီးနင်းထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာပြည်ကလူငယ်တွေ အားကစားကို စိတ်ဝင်စားစေလိုတာကြောင့် alarm ပေးတာ ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးမှ စက်ဘီးသမား ကိုထိုက်(ခေါ် )သိန်းထိုက်စိုးဦးက ပြောသည်။

စက်ဘီးသမားနှစ်ဦးသည် မုံရွာ-ယာကြီး-ကလေး-တမူး-အင်ဖာလမ်းမှ အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ကာ ဗုဒ္ဓဂယာအရောက် စက်ဘီးစီးနင်းကြမည်ဖြစ်သည်။ ခရီးစဉ်သည် မိုင်ပေါင်း ၁၄၀၀ ရှည်လျား၍ ရက်ပေါင်း ၃၀ ကျော် စီးနင်းရမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

စက်ဘီးသမားနှစ်ဦးဖြစ်သည့် ကိုထိုက်နှင့်ကိုလင်းလွန်းတို့သည် ခရီးစဉ်အတွက် တောင်တက်ခရီးနှင့် အဆင်ပြေမည့် စက်ဘီးကို ရွေးချယ်စီးနင်းကြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

**ကြေးမုံ ယနေ့ဖတ်စရာ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲ မအူပင်၌ ပြုလုပ်
စာမျက်နှာ » ၉

(၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားကျေးရွာတွင် ကျင်းပ
စာမျက်နှာ » ၁၁

ပန်ကာစက်ရုံ မီးလောင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်၌ လူ ၁၀ ဦးထက် မနည်း သေဆုံး
စာမျက်နှာ » ၁၂

ကြိတ်ကြိတ်တိုးစည်ကားခဲ့သည့် မကွေးမြို့က လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်
စာမျက်နှာ » ၁၈

# အာဆီယံအဆင့်ပြိုင်ပွဲ ကိုးခုတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်တွင် လက်ရွေးစင်အဆင့်၊ သက်တမ်းအလိုက်လူငယ် ဘောလုံးပြိုင်ပွဲများအပါအဝင် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ စုစုပေါင်းကိုးခု ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကျင်းပမည်**

ယင်းပြိုင်ပွဲကိုးခုကို အင်ဒိုနီးရှားနိုင်ငံက အများဆုံးလက်ခံကျင်းပမည်ဖြစ်ပြီး အချို့ပြိုင်ပွဲများကို ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌လည်း ကျင်းပမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲများအဖြစ် အာဆီယံယူ-၁၆ ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၁၆ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံယူ-၁၉ ပြိုင်ပွဲကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐



အာရှခြေစစ်ပွဲတွင် မြန်မာယူ-၁၆ အမျိုးသမီးအသင်းနှင့် တရုတ် ယူ-၁၆ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ဗီယက်နမ်လူငယ်ဖိတ်ခေါ်ပြိုင်ပွဲ တတိယလုပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယားတို့ ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဗီယက်နမ် BTV Cup လူငယ်ဖိတ်ခေါ်ပြိုင်ပွဲ တတိယလုပွဲကို ဒီဇင်ဘာ ၁၇ ရက် (ယနေ့) ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၉ အသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အရေးနိမ့်**

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လေးသင်းသာရှိသောကြောင့် ဆီမီးဖိုင်နယ်ပုံစံဖြင့် ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၄၊ ၁၅ ရက်က ကျင်းပခဲ့သည်။ မြန်မာအသင်းသည် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့်တွေ့ဆုံခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍




GUSTO UNIVERSITY

UNIVERSITY OF GLOUCESTERSHIRE

တက္ကသိုလ်ဝင်တန်း / IGCSE အောင်မြင်ပြီးသူများအတွက်

UK ထိပ်တန်းဘွဲ့ဒီဂရီများကို GUSTO UNIVERSITY တွင် ရယူနိုင်ပါပြီ။

- BSc (Hons) Computing
- BA (Hons) International Business Studies

DECEMBER INTAKE အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

No. 289 (A), Pyay Rd, Sanchaung Tsp, Yangon.

Call Now : 09 789 888 222, 09 42 999 1009